ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

(၄၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်**

**( ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ (၄၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယ အကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို(၁၉၁)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၅.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင် ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ရဲ့ (၄၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေ ထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၄။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဥ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ၂၂-၈-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်မြတ်သီတာထွန်း က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၊ ကျန်းမာရေး။ ဦးနိုင်ကိုကို၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ AEC အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်။ ဦးဝင်းဇော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ တောင်ငူခရိုင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတက်ရောက်။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျား-မတန်းတူ အစည်းအဝေးတက်ရောက်ရန်။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဒေါ်သီရိရတနာ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေးတို့ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၂၃)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦး ဖြစ်ပါတယ်။ စုစုပေါင်း ခွင့်ပန်ကြားသူ(၃၃)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးအား လေးစားစွာ ပန်ကြားအပ်ပါတယ်ရှင်။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၃)ဦး၊ ယနေ့

ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၃၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းများကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်းရှိ ဆအက် - သီးကျိုရ် - မွှန်လွှ - ကျော့သဲ - ဟိုင်ဟဲင်း - လျန်နှာ (ရွာဟောင်း) - လျန်နှာ(ရွာသစ်) - ရိဒ် အမှတ်(၂)ရပ်ကွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ချင်းပြည်နယ်၊ ဖလမ်းမြို့နယ်အတွင်းရှိ ဆအက် - သီးကျိုရ် - မွှန်လွှ - ကျော့သဲ - ဟိုင်ဟဲင်း - လျန်နှာ(ရွာဟောင်း) - လျန်နှာ(ရွာသစ်) - ရိဒ် အမှတ်(၂)ရပ်ကွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီး နှင့် ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆအကဲ - သီးကျိုရ် - မွှန်လွှ- ကျော့သဲ- ဟိုင်ဟဲင်း-လျန်နှာ(ရွာဟောင်း)- လျန်နှာ(ရွာသစ်) - ရိဒ် အမှတ်(၂)ရပ်ကွက်လမ်းမှာ ဖလမ်း - ရိဒ် လမ်းမကြီး၏

မိုင်အမှတ်(၅၂)မိုင် ဆအကက်ကျေးရွာမှ ခွဲထွက်သောလမ်းဖြစ်ပြီး ဆအကက်မှ သီးကျိုရ် ကျေးရွာအထိ ဂျစ်ကားလမ်း(၄)မိုင်၊ သီးကျိုရ်မှ မွန်လွကျေးရွာအထိ ဆိုင်ကယ်လမ်း(၄.၄)မိုင်၊ မွန်လွမှ ကျော့သဲ ကျေးရွာအထိ ဂျစ်ကားလမ်း(၃)မိုင်၊ ကျော့သဲမှ လျှန်နွာ(ရွာဟောင်း)-လျှန်နွာ(ရွာသစ်) - ရိဒ် အမှတ်(၂) ရပ်ကွက်အထိ ဂျစ်ကားလမ်း(၈.၄)မိုင်၊ စုစုပေါင်း လမ်းအရှည်(၂၀)မိုင်ရှိသော လမ်းဖြစ် ပါတယ်။ ၎င်းလမ်းအား (၂၁)ပေအကျယ် ကားလမ်းအဖြစ် တာခွဲ့ဖောက်လုပ်ပေးမည်ဆိုပါက ဆအကက်မှ သီးကျိုရ် ကျေးရွာအထိ (၄)မိုင်၊ သီးကျိုရ်မှ မွန်လွကျေးရွာထိ (၅)မိုင်၊ မွန်လွမှ ကျော့သဲကျေးရွာအထိ (၃)မိုင်၊ ကျော့သဲမှ လျှန်နွာ(ရွာဟောင်း) - လျှန်နွာ(ရွာသစ်) - ရိဒ် အမှတ်(၂)ရပ်ကွက်အထိ (၁၀)မိုင်၊ စုစုပေါင်း (၂၂)မိုင်အထိ တာခွဲ့ဖောက်လုပ်ရန်လိုအပ်မည်ဖြစ်ပါတယ်။ ရန်ပုံငွေ သန်း(၃၀၀)ခန့်ကုန်ကျမှာ ဖြစ်ပါတယ်။

အဆိုပါလမ်းအား ဖောက်လုပ်ပေးခြင်းအားဖြင့် ကျေးရွာပေါင်း(၈)ရွာ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကိစ္စများအတွက် အကျိုးပြု၍ လမ်းပန်းဆက်သွယ်ရေး ပိုမို အဆင်ပြေချောမွေ့လာမှာဖြစ်ပါတယ်။ ၎င်းအပြင် ဖလမ်း - ရိဒ် လမ်းမကြီး၏ မိုင်တိုင်အမှတ်(၅၂)မှ (၆၇.၆) ဆအကက် - ရိဒ်မြို့ကြားလမ်းအား လမ်းတာခွဲ့ခြင်းလုပ်ငန်း၊ လမ်းပြင်ထိန်းလုပ်ငန်းများ ဆောင်ရွက်သည့်အခါ ဆအကက် - သီးကျိုရ် - ကျော့သဲ- လျှန်နွာ - တီအိုချောင်းလမ်းအား လမ်းလွှဲအဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် သီးကျိုရ်ကျေးရွာအထက်တွင် ဘွန်နယ်လ် (Buannel) ဆိုတဲ့ အင်မတန်လှပတဲ့ တောင်ထိပ်ချိုင့်ဝှမ်းရှိပြီး ထိုနေရာတွင် အပန်းဖြေစခန်းပြုလုပ်ပါက ချင်းပြည်နယ် ခရီးသွားလုပ်ငန်းနေရာ (Toorist Site) အဖြစ် အသုံးပြုနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ အထက်ပါ ကျေးရွာချင်းဆက်လမ်းအား နယ်စပ်ရေးရာဝန်ကြီးဌာနမှ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဖောက်လုပ် ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနှင့် ပတ်သက်ပြီး နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၀။**

**ဗိုလ်ချုပ်သန်းထွဋ် (ဒုတိယဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ချင်းပြည်နယ် အမှတ်(၄) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ချင်းပြည်နယ်၊ ဖလမ်းမြို့နယ် အတွင်းမှာရှိတဲ့ ဆအကက် - သီးကျိုရ် - မွန်လွ- ကျော့သဲ- ဟိုင်ဟဲင်း-လျှန်နွာ(ရွာဟောင်း)- လျှန်နွာ (ရွာသစ်) - ရိဒ် အမှတ်(၂)ရပ်ကွက် ကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ ပြန်လည်ရှင်းလင်း ဖြေကြားသွားမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် မေးမြန်းထားတဲ့ ဆအကက်မှ သီးကျိုရ်ကျေးရွာအထိ ဂျစ်ကားလမ်းက (၄) မိုင်၊ သီးကျိုရ်မှ မွန်လွကျေးရွာထိ ဂျစ်ကားလမ်း(၅)မိုင် ရှိပါတယ်။ နောက်တစ်ခါ မွန်လွမှ ကျော့သဲ

ကျေးရွာအထိ ဂျစ်ကားလမ်း(၃)မိုင်၊ ကျော့သဲမှ လျှန်နှာ(ရွာဟောင်း) - လျှန်နှာ(ရွာသစ်) - တီအိုချောင်း - ရိဒ်မြို့ အမှတ်(၂)ရပ်ကွက်အထိ ဂျစ်ကားလမ်း (၁၀)မိုင်၊ စုစုပေါင်း လမ်းအရှည်အနေနဲ့ မိုင် (၂၂)မိုင် ရှိပါတယ်။ မိုင်(၂၂)မိုင်မှာ လမ်းတာချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ မြေပြင်ကွင်းဆင်းစိစစ်ပြီးတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှစ၍ အပိုင်းလိုက် လျာထားစီစဉ်ပေးမည် ဖြစ်ပါတယ်။ ဘဏ္ဍာငွေ ခွင့်ပြုချက်ရရှိသည့်နှစ်တွင် ရရှိသည့်ရန်ပုံငွေ အခြေအနေပေါ်မူတည်၍ ချင်းပြည်နယ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ဦးစားပေး အစီအစဉ်အလိုက် ဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည် ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့မေးခွန်းများဟာ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်း ငါးသရောက်မြို့ - ဂျမ်းလှီး - ကျောက်ပန်းတောင်းမြို့ - ပွေးကျစ် ဆက်သွယ်ထားသော ကျောက်ခင်းလမ်းကို ကတ္တရာလမ်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် ပိုင်းခြားပြီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးကျော်တုတ်က မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်း ငါးသရောက်မြို့ - ဂျမ်းလှီး - ကျောက်ပန်းတောင်းမြို့ - ပွေးကျစ် ဆက်သွယ်ထားသော ကျောက်ခင်းလမ်းကို ကတ္တရာလမ်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် ပိုင်းခြားပြီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးကျော်တုတ်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ကိုယ်စိတ်ကျန်းမာ ချမ်းသာပါစေကြောင်း ဆုတောင်းဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇) က ပုဂံ - ညောင်ဦး - ကျောက်ပန်းတောင်း ကိုယ်စားပြု အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်တုတ် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ငါ့သရောက်မြို့ကို ပုဂံခေတ် အနော်ရထာမင်း လက်ထက် တရုတ် - မြန်မာ ချစ်ကြည်ဆက်ဆံရေးအတွက် ပုဂံနေပြည်တော်သို့ တရုတ်သံတမန်များ လာရောက်ခဲ့ရာ လမ်းခုလတ်မှာ စခန်းချတည်းခိုသောနေရာအား အစွဲပြု၍ ငါ့သံရောက် ဟုခေါ်ရာမှ ကာလကြာသော် ငါးသရောက် ဟု အမည်တွင်ခဲ့ကြောင်း မြို့မှတ်တမ်းများအရ သိရှိရပါတယ်။ ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ တောင်သာမြို့နယ်တို့နှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါတယ်။ ကျောင်း၊ ဆေးရုံ အပါအဝင် အစိုးရရုံး (၁၃)ရုံး၊ အရာထမ်း၊ အမှုထမ်း (၂၀၀)ကျော်ရှိသည့်မြို့၊ ထန်းလျက်၊ မန်ကျည်း၊ ဇီး အပြင် အခြားထွက်ကုန်များစွာရှိရာမြို့၊ ထန်းလျက်လုပ်ငန်းစဉ်များအနက် အဓိကအသုံးပြုသော မြူအိုးကို ထုတ်လုပ်သော တစ်ခုတည်းသောမြို့၊ ဤငါးသရောက်မြို့ကို ယနေ့ တိုင် မည်သည့်မြို့နယ်မှ ကတ္တရာလမ်း ဆက်သွယ်ဖောက်လုပ်ထားခြင်း မရှိသေးပါ။ ငါးသရောက်မြို့ နှင့် ကျောက်ပန်းတောင်းမြို့ ဆက်သွယ်သောလမ်းသည် ရှေးပုဂံခေတ်ကတည်းက မြေသားလမ်းပေါက် ပြီး ဖြစ်ပါတယ်။

ယခုအခါ ကျောက်ခင်းလမ်းအဖြစ် တချို့တစ်ဝက်ရှိပြီး ဖြစ်ပါတယ်။ ငါးသရောက်မြို့မှ ဂျမ်းလှီးလမ်းအပိုင်းသည် ညောင်ဦးမြို့နယ်အတွင်းဖြစ်ပြီး ကျေးရွာပေါင်း(၈)ရွာ၊ အိမ်ခြေ(၃၂၄၄)၊ လူဦးရေ(၁၄၁၃၆)ဦးကို အကျိုးပြုမှာ ဖြစ်ပါတယ်။ ဂျမ်းလှီး - ကျောက်ပန်းတောင်းလမ်းသည် ကျောက်ပန်းတောင်းမြို့နယ်အတွင်းဖြစ်ပြီး ကျေးရွာပေါင်း(၉)ရွာ၊ အိမ်ခြေပေါင်း(၁၇၁၆)၊ လူဦးရေ (၉၃၃၆)ကို အကျိုးပြုမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ငါးသရောက်မြို့ - ကျောက်ပန်းတောင်းမြို့ ဆက်သွယ် သောလမ်းသည် ကျေးရွာပေါင်း(၁၇)ရွာ၊ လူဦးရေ(၂၃၄၇၂)ယောက်ကို တိုက်ရိုက်အကျိုးပြုမှာ ဖြစ်ပါတယ်။ ကျောက်ပန်းတောင်းမြို့သည် ခရီးသည်ရော၊ ကုန်စည်ပါ ကူးသန်းသွားလာ အချက်အချာ ကျတဲ့မြို့ ဖြစ်ပါတယ်။ စာနယ်ဇင်းများက မြန်မာပြည်ရဲ့ ကုန်တင်ကားမြို့တော်ဟု ခေါ်တွင်လောက်အောင် ကုန်တင်ကား ပေါများလှပါတယ်။ ကျောက်ပန်းတောင်းမှ ပခုက္ကူသို့ ကုန်တင်၊ လူစီးကားများ ညောင်ဦးမြို့ကို ပတ်ပြီးသွားရမည့်အစား ယခု ငါ့သရောက်လမ်း ချောမွေ့ပါက (၁၀)မိုင်ခန့် ခရီးတို သွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ပန်းတောင်း - ပွေးကျစ် - တိုက်နယ် ဆက်သွယ်သောလမ်းသည် ရှေးယခင်တည်းကရှိခဲ့သော မြေသားလမ်းကျယ် ဖြစ်ပါတယ်။ ရွာပေါင်း (၁၇)ရွာ၊ အိမ်ခြေပေါင်း(၂၇၈၈)၊ လူဦးရေ(၁၄၀၇၆)ဦးတို့ကို အကျိုးပြုသွားလာနေကြပါတယ်။ မြေသားလမ်းကို အဆင့်မြှင့်ရုံပြုလုပ်ခြင်းသည် ဘဏ္ဍာငွေကုန်ကျမှုများသလောက် အကျိုးမများပါ။ အသွားအလာများ၍ ချိုင့်ခွက်များဖြစ်ကာ မကြာမီ လမ်းပျက်မှာသာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးအခြေ အနေအရ ကတ္တရာလမ်းအဆင့်မဟုတ်တောင် ကျောက်ခင်းဂဝံလမ်းဖြစ်မှသာ ကုန်သလောက် အရာ ရောက်မှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ငါးသရောက်- ဂျမ်းလှီး - ကျောက်ပန်းတောင်း - ပွေးကျစ်လမ်းသည် မြို့(၂)မြို့နှင့် ရွာပေါင်း(၃၄)ရွာအပြင် ပခုက္ကူနှင့် နတ်မောက်မြို့ကို ဖြတ်လမ်းကသွားနိုင်သော လမ်း၏အစိတ်အပိုင်းဖြစ်တာကတစ်ကြောင်း၊ အညာ တစ်ခွင် ဖွံ့ဖြိုးမှုအနည်းဆုံးဒေသများကို ဖြတ်သွားသောလမ်း ဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် ဒေသအတွက် လွန်စွာအကျိုးများသောလမ်း ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ငါးသရောက် - ကျောက်ပန်းတောင်း ကျောက်ခင်းလမ်းကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ကျောက်ပန်းတောင်း - ပွေးကျစ် မြေသားလမ်းကို ကျောက်ခင်းဂဝံမြေလမ်းအဖြစ်လည်းကောင်း နှစ်အပိုင်းအခြားအလိုက် နှစ်ရှည်စီမံကိန်းများဖြင့် အဆင့်တိုးမြှင့်ဖောက်လုပ်ပေးပါရန် အစီအစဉ်ကို ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်း ပိုမိုရရှိရေးအတွက် ဒေသခံပြည်သူများ ဆန္ဒနှင့်အညီ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတောင်းခံအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။


Google မှ မြင်တွေ့ရသော မန္တလေးတိုင်းဒေသကြီး မြင်ကွင်းပုံ (ကဆ)




Google မှ မြင်တွေ့ရသော ငါးသရောက် - ကျောက်ပန်းတောင်း မြင်ကွင်းပုံ (ကဆ-၁)



Google မှ မြင်တွေ့ရသော ငါးသရောက် - ကျောက်ပန်းတောင်း - ပွေးကျစ် မြင်ကွင်းပုံ (ကဆ-၂)




**ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကကွဲအင်း (အောင်မြင်မြို့)မှ လယ်ယာမဲ့ ဖြစ်သွားသော တောင်သူများကို မြေယာများ ပြန်လည်ပေးနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် ထိုက်သင့်သော နစ်နာကြေးများ ပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ။**　　။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဒေါ်စန်းစန်းမြင့်က ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကကွဲအင်း(အောင်မြင်မြို့)မှ လယ်ယာမဲ့ဖြစ်သွားသော တောင်သူများကို မြေယာများ ပြန်လည်ပေးနိုင်ခြင်း ရှိ/မရှိ သို့မဟုတ် ထိုက်သင့်သော နစ်နာကြေးများပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဒေါ်စန်းစန်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာပါရှင်လို့ ကျွန်မ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်မကတော့ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် ဖြစ်ပါတယ်။ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီအဖွဲ့ဝင်တစ်ဦးလည်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မ မဲဆန္ဒနယ်မြေဒေသဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်ရဲ့ တောင်သူများရဲ့ကိုယ်စား မေးထားတဲ့ မေးခွန်းနှင့် ပတ်သက်ပြီးတော့ အကြောင်းအရာလေးကို အရင်ဆုံး တင်ပြမှာ ဖြစ်ပါတယ်ရှင်။ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကကွဲအင်း (အောင်မြင်မြို့) အပိုင်မှာရှိတဲ့ ခင်အင်းကြီးကျေးရွာအုပ်စု၊ တူမောင်ကျေးရွာအုပ်စု၊ ဆင်ဇလုပ်ကျေးရွာအုပ်စု၊ ကြာအင်း

ကုန်းကျေးရွာအုပ်စု၊ အင်ကြင်း (၁၀၀၀) ဘုန်းကြီးကျောင်း၊ အိုင်တုံကွင်းအုပ်စုများတွင် တောင်သူ (၇၃)ဦး ပိုင်ဆိုင်တဲ့မြေဧက (၉၆၀.၅၀)ဧကကို တောင်သူတွေဟာ ၁၉၉၈-၁၉၉၉ ခုနှစ် ကနေစပြီးတော့ ၂၀၀၅-၂၀၀၆ ခုနှစ်အထိ ကြံစီမံကိန်း စိုက်ပျိုးလာခဲ့ပါတယ်။ အဲဒီ ကြံတွေကိုလည်းပဲ (၈)နှစ်ကြာ စိုက်ပျိုးလာခဲ့တဲ့ အခါမှာ ဇေယျာဝတီမြို့မှာရှိတဲ့ အမှတ်(၈) သကြားစက်ရုံကိုလည်းပဲ နှစ်စဉ်ပေးသွင်းခဲ့တဲ့ ပြေစာတွေ၊ မှတ်တမ်းမှတ်ရာတွေကလည်းပဲ တောင်သူတွေရဲ့လက်ထဲမှာ ရှိနေကြပါတယ်။ အခုအချိန်ထိ ရှိပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ၂၀၀၅-၂၀၀၆ အလွန် ၂၀၀၇ ခုနှစ်ကစပြီးတော့ ရန်ကုန် - မန္တလေးလမ်းမကြီး (၆)လမ်းသွား ဖောက်တဲ့အချိန်မှာတော့ ဒီ GE တပ်ကနေပြီးတော့ လုံခြုံရေးအတွက် ကျွဲ၊ နွားတွေ မဖြတ် ရဘူး။ တဲတွေကို ဖျက်သိမ်းပြီးတော့ တောင်သူတွေကို ပြန်ခိုင်းခဲ့ပါတယ်။ တောင်သူတွေ မရှိတဲ့နောက်မှာ ဆိုရင် အဲဒီမြေလွတ်သွားတဲ့ မြေလွတ်တွေ၊ မြေရိုင်းတွေ ဖြစ်နေတယ်ဆိုပြီးတော့မှ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် မြေစာရင်းဌာနတို့ကနေ ပူးပေါင်းပြီးတော့ တိုင်းမှူးရဲ့ နှုတ်မိန့်နှင့်ဆိုပြီးတော့ မြေတွေကို သိမ်းဆည်းခဲ့ ပါတယ်။ အဲဒီအချိန်ကစပြီးတော့ တောင်သူတွေဟာ လယ်ယာမြေတွေ ပြန်မရတော့ဘဲနဲ့ ဒီ သက်ဆိုင်ရာ ကနေပြီးတော့ မြေစာရင်းဌာနနှင့် ပူးပေါင်းပြီးတော့ ကောင်းမြန်မာအောင်ကုမ္ပဏီ၊ ယုဇနကုမ္ပဏီ ပုဂ္ဂလိကလုပ်ငန်းရှင်တို့ကနေပြီးတော့ ဝင်ရောက်သိမ်းယူပြီးတော့ လုပ်ကိုင်ခဲ့တယ်ဆိုပြီးတော့ တောင်သူ တွေဆီကနေပြီးတော့ သိရှိရပါတယ်။ ဒေသခံတောင်သူတွေရဲ့ လယ်ယာမြေများထဲကနေပြီးတော့ လမ်းထဲကိုပါသွားတဲ့ တောင်သူအချို့ကို ဆောက်လုပ်ရေးဝန်ကြီးဌာနကနေပြီးတော့ ၂၇-၃-၂၀၁၄ ရက်နေ့မှာ တစ်ဧကကို (၁၀)သိန်းကျပ်နှုန်းနှင့် နစ်နာကြေးတွေ ပေးလျော်ခဲ့ပါသော်လည်းပဲ ကျန်ရှိနေ သေးတဲ့ တောင်သူတွေကိုတော့ မျက်နှာလွှဲပြီးတော့ ကုမ္ပဏီတွေကနေပြီးတော့ မြေစာရင်းဌာနတွေနှင့် ပူးပေါင်းပြီးတော့ လုပ်ကိုင်နေတယ်။ အဲဒါ နှစ်စဉ်လုပ်ကိုင်လာတဲ့ တောင်သူအများစုဟာ အမြန်လမ်း ဖောက်တဲ့အချိန်ကစပြီးတော့ လက်မဲ့ဖြစ်သွားခဲ့ရပြီးတော့ မွဲပြာကျတဲ့ဘဝကို အခုချိန်ထိရောက်ခဲ့ရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ပြီးခဲ့တဲ့အစိုးရလက်ထက်မှာလည်းပဲ တောင်သူတွေဟာ အားကိုးယုံကြည်စွာနဲ့ မျှော်လင့်ချက်အပြည့်အဝနဲ့ သက်ဆိုင်ရာဌာနတွေကို အသီးသီးတိုင်ကြားခဲ့ပါသော်လည်းပဲ အရေးယူ ဆောင်ရွက်ပေးခဲ့ခြင်း၊ ဖြေရှင်းပေးခဲ့ခြင်း မရှိခဲ့ပါဘူး။

ဥက္ကဋ္ဌကြီးရှင်။ အခုအခါမှာ ပြည်သူတွေကနေ ရွေးချယ်ပြီးတော့ ပြည်သူတွေအားကိုးရတဲ့ အရပ်သားအစိုးရအပေါ်မှာ ပြည်သူတွေဟာ အင်မတန်မှ ယုံကြည်အားကိုးပါတယ်။ ဒါကြောင့်မိုလို့ လက်မဲ့အခြေအနေမဲ့ဖြစ်သွားတဲ့ တောင်သူတွေဟာ မိမိတို့ရဲ့ လယ်ယာတွေကို ပြန်လည်ရရှိနိုင်မလား ဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်စားနေခြင်း ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မရဲ့ အမှတ်(၄)မဲဆန္ဒနယ်မြေ ဖြစ်တဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်မှာ လက်လွတ်၊ လက်မဲ့ဖြစ်သွားရတဲ့ တောင်သူများရဲ့ ကိုယ်စား ဥက္ကဋ္ဌကြီးကနေတစ်ဆင့် မေးခိုင်းတဲ့ တောင်သူတွေရဲ့ကိုယ်စား မေးခိုင်းတဲ့ မေးခွန်းလေးကတော့ လက်မဲ့အခြေအနေဖြစ်သွားတဲ့ တောင်သူများအား မြေယာများ ပြန်လည်ပေးနိုင်ခြင်းရှိ/မရှိ သို့မဟုတ် ထိုက်သင့်သော နစ်နာကြေးများပေးနိုင်မှု ရှိ/မရှိနှင့် အမှန်တကယ် လိုအပ်နေသော တောင်သူများရဲ့ လိုအပ်ချက်များကို မည်သို့မည်ပုံ ဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုပါ၍ တောင်သူများရဲ့ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်ရှင်။ အားလုံး ကျေးဇူးတင် ပါတယ်ရှင်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနှင့် ပတ်သက်ပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၁။**

**ဦးကျော်လင်း (ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေဖြင့် မန္တလေးတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်တုတ် မှ မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်း ငါးသရောက်မြို့- ဂျမ်းလှီး - ကျောက်ပန်းတောင်းမြို့ - ပွေးကျစ် ဆက်သွယ်ထားသော ကျောက်ခင်း လမ်းကို ကတ္တရာလမ်းအဖြစ် ဘဏ္ဍာရေးနှစ်အလိုက် ပိုင်းခြားပြီး အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်အတွင်းရှိ ငါးသရောက်မြို့- ဂျမ်းလှီး - ကျောက်ပန်းတောင်းမြို့ - ပွေးကျစ်ဆက်သွယ်ထားတဲ့ လမ်းတွေဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီမံခန့်ခွဲခဲ့တဲ့ လမ်းများဖြစ်ပါတယ်။ သို့သော်လည်း ယခုအခါမှာတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန ဖွဲ့စည်းပုံကို ၂၁-၇-၂၀၁၇ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၁၄/၂၀၁၇) မှာ အတည်ပြုခဲ့ပြီးတော့ ၁၆-၈-၂၀၁၇ ရက်နေ့မှာ ရုံးအမှတ်(၁၁)၌ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနအသစ်ကို စတင်ဖွဲ့စည်းခဲ့ပြီးဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်သွားမယ့် လမ်းများ ဖြစ်ပါတယ်။ အဆိုပါ ငါးသရောက် - ဂျမ်းလှီး - ကျောက်ပန်းတောင်း လမ်းပိုင်းသည် (၂၁)မိုင် (၇.၅)ဖာလုံ ရှိပါတယ်။ ကျောက်ပန်းတောင်း-ဂျမ်းလှီးအပိုင်းဟာ (၁၀)မိုင် (၁)ဖာလုံ အရှည်ရှိပြီး လမ်းအခြေအနေကတော့ ကတ္တရာလမ်း (၂)ဖာလုံ၊ ကျောက်လမ်း(၈)မိုင် (၀.၄)ဖာလုံ၊ ဂဝံလမ်း(၃)ဖာလုံရှိပြီး မြေသားလမ်း(၁)မိုင် (၃.၆)ဖာလုံခွဲ ဖြစ်ပါတယ်။ အဆိုပါ မြေသား လမ်း(၁)မိုင် (၃.၆)ဖာလုံခွဲဟာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်ချောလမ်းအဖြစ် ဆောင်ရွက် သွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ငါးသရောက် - ဂျမ်းလှီးအပိုင်းဟာ (၁၁)မိုင် (၆.၅)ဖာလုံခွဲရှိပြီး လမ်းအခြေအနေကတော့ ကျောက်ချောလမ်း(၆)မိုင် (၆.၅)ဖာလုံခွဲ၊ မြေသားလမ်း (၅)မိုင်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်း အဆိုပါ မြေသားလမ်း(၅)မိုင်အား ကျောက်ချောလမ်း အဖြစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိတဲ့ ကျောက်ပန်းတောင်း-ပွေးကျစ်လမ်းဟာ (၆.၅)ဖာလုံခွဲရှိပြီး လမ်းအခြေအနေကတော့ ကတ္တရာလမ်း(၃)ဖာလုံ၊ ကျောက်ချောလမ်း(၁)မိုင် (၅.၂၆)ဖာလုံခွဲ၊ ဂဝံလမ်း (၁၁)မိုင် (၆.၂၄)ဖာလုံ တို့ဖြစ်ပါတယ်။ အဆိုပါလမ်းမှ (၁၁)မိုင် (၆.၂၄)ဖာလုံ အရှည်ရှိတဲ့ ဂဝံလမ်းအား ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အတွင်းမှာ ကျောက်ချောလမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်စန်းစန်းမြင့် မှ မေးမြန်းထားတဲ့ ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း (အောင်မြင်မြို့)မှ လယ်ယာမဲ့ဖြစ်သွားသော တောင်သူများကို မြေယာများ ပြန်လည်ပေးအပ်နိုင်ခြင်း ရှိ/မရှိ သို့မဟုတ် ထိုက်သင့်သော နစ်နာကြေးများ ပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းအား ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု(၁၀)အုပ်စုအား ဖြတ်သန်း၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးကို ဖောက်လုပ်ခဲ့ရာမှာ လမ်းနယ်နိမိတ်(၄၀၀)ပေအတွင်း ပါဝင်သွားတဲ့ မြေများကို နစ်နာကြေးငွေများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျေးရွာအုပ်စု(၁၀)အုပ်စုမှ လယ်ယာမြေ (၇၂၇.၆၃)ဧကအတွက် လယ်တစ်ဧကလျှင် (၁၂)သိန်း၊ ယာတစ်ဧကလျှင် (၁၀)သိန်းနှုန်းဖြင့် လျော်ကြေးငွေ ကျပ်(၈၀၁.၈၁၂)သန်းအား လည်းကောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ကျေးရွာအုပ်စု(၈)အုပ်စုမှ မြေဧရိယာ (၆၂၆.၈၉)ဧကအတွက် သစ်တောမြေ တစ်ဧကလျှင် (၂)သိန်း၊ ရွာမြေတစ်ဧကလျှင် (၁၀)သိန်း၊ စားကျက်မြေတစ်ဧကလျှင် (၂)သိန်းနှုန်းဖြင့် လျော်ကြေးငွေကျပ်(၁၃၉.၇၁၄)သန်းအားလည်းကောင်း စုစုပေါင်း မြေဧရိယာ (၁၃၅၄.၅၂)ဧကအတွက် လျော်ကြေးငွေ စုစုပေါင်းကျပ် (၉၄၁.၅၂၆)သန်းကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မြေအမျိုးအစားအလိုက် သတ်မှတ်ဈေးနှုန်းများအတိုင်း နစ်နာကြေးငွေများ အသီးသီး ပေးလျော်ခဲ့ပြီး ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအား ကျောက်တံခါးမြို့နယ်အတွင်းရှိ အင်းပတ်လည်၊ မြို့ချောင်း၊ ကင်း၊ ငွေးကုန်း၊ ဂျို့ချောင်း၊ သံပုရာခုံ၊ ဆားပြင်၊ ခင်အင်းကြီး၊ ဆင်ဇလုပ်နှင့် ကြာအင်းကုန်းကျေးရွာအုပ်စု(၁၀)စုကိုသာ ဖြတ်သန်းဖောက်လုပ်ထားခြင်းဖြစ်ပြီးတော့ တောကျွဲအင်း(အောင်မြင်မြို့) အပိုင်းအတွင်းရှိတဲ့ တူမောင်ကျေးရွာအုပ်စုနှင့် အိုင်တုံကွင်းကျေးရွာအုပ်စု(၂)စုကို ဖြတ်သန်းဖောက်လုပ်ထားခြင်း မရှိပါဘူးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးမှ မေးမြန်းထားသော အချက်တစ်ချက်ဖြစ်တဲ့ အမြန်လမ်းမကြီး မိုင်တိုင်အမှတ်(၉၆/၀) မှစ၍ လမ်းဘေး ဝဲယာရှိ ဒေသခံတောင်သူများ၏ လယ်ယာမြေများကို တောင်သူများထံသို့ ပြန်မပေးဘဲ ပုဂ္ဂလိကလုပ်ငန်းရှင်များမှသိမ်းယူပြီး ဝင်ရောက်လုပ်ကိုင်ခဲ့ကြသဖြင့် ကျောက်တံခါးမြို့နယ်၊ တောကျွဲအင်း (အောင်မြင်မြို့)မှ လယ်ယာမဲ့ဖြစ်သွားသော တောင်သူများကို မြေယာများ ပြန်လည်ပေးနိုင်ခြင်း သို့မဟုတ် ထိုက်သင့်သော နစ်နာကြေးများပေးနိုင်မှု ရှိ/မရှိ သိရှိလိုခြင်းကိစ္စနှင့်ပတ်သက်၍ ဂၚ်သိမ်းဆည်းထားတဲ့ မြေများသည် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် အမြန်လမ်းမကြီး၏

လမ်းနယ်နိမိတ် (၄၀၀)ပေရဲ့ ပြင်ပမှာရှိသော မြေများဖြစ်ပါသဖြင့် အဆိုပါ သိမ်းယူမြေများအတွက် သိမ်းယူထားသော လုပ်ငန်းရှင်များမှ နစ်နာသူတောင်သူများသို့ ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် နစ်နာကြေးငွေပေးအပ်ခြင်းသည် သက်ဆိုင်ရာ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ သို့မဟုတ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနတို့မှ ဖြေရှင်းဆောင်ရွက်ပေးရမည့်ကိစ္စ ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ်နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် အဆိုတင်သွင်းထားတဲ့ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များကို ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာ ထွက်ပြေးလာကြသော တိုင်းရင်းသားများ၏ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ဆွေးနွေးရန် ကျန်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၇။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၇။**

**ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါ။ ယခုဆွေးနွေးမယ့်အဆိုကို အရင်ရက်က ကိုယ်စားလှယ်တော်ကြီးများ တင်ပြသွားခဲ့တဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တော အကြမ်းဖက်မှုများနှင့် ပတ်သက်ပြီး အတော်လေး ပြည့်စုံနေပြီမို့ အကြောင်းအရာအချို့ကိုပဲ ဖြည့်စွက်ဆွေးနွေးသွားပါ့မယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပေးဖို့ မေတ္တာရပ်ခံအပ်ပါတယ်။ သူများနိုင်ငံတွေမှာ အကြမ်းဖက်ဝါဒ၊ အစွန်းရောက်ဝါဒလို့ ကျယ်ကျယ်လောင်လောင် ပြဿနာတက်နေချိန် အနီးစပ်ဆုံး အာဆီယံမိတ်ဆွေနိုင်ငံများဖြစ်တဲ့ ဖိလစ်ပိုင်၊ ထိုင်း စတဲ့ နိုင်ငံတွေတောင် အကြမ်းဖက်ဝါဒ

ရဲ့ ဆိုးကျိုးတွေကို စောစီးစွာ ခံစားတွန်းလှန်ခဲ့ကြသလို အိမ်နီးချင်း ဒီမိုကရေစီ အိန္ဒိယနိုင်ငံကြီးကအစ အစွန်းရောက်အကြမ်းဖက်သမားတို့ရဲ့ အန္တရာယ်ကို သတိထား ကာကွယ်နေရဆဲ ဖြစ်ပါတယ်။ ပြင်ပနိုင်ငံများမှ ခိုးဝင်သူများကြောင့် ယခုဖြစ်ပေါ်နေတဲ့ အကြမ်းဖက်အစွန်းရောက် ဖြစ်စဉ်များဟာ တခြားနိုင်ငံတွေမှာလည်း ဖြစ်ပေါ်နေပြီး ထိုကျူးလွန်သူတို့ကို နိုင်ငံတကာ လူသားချင်းစာနာတဲ့ ဥပဒေများ Convention မှာ သဘောတူညီချက်များနဲ့ UNHCR တို့ ဂရုမစိုက်အားဘဲ သူ့နည်း သူ့ဟန်နှင့် အစိုးရအသီးသီးက ဖြေရှင်းနေရဆဲဖြစ်ပါတယ်။ အခုဆိုရင် ဒီအကြမ်းဖက်တွေရဲ့ အန္တရာယ်ဟာ ဥရောပတိုက်အထိတောင် ကူးစက်ပြီး ဆိုင်ရာအစိုးရတွေကို အခက်တွေ့စေတာ အားလုံးသိတဲ့ အတိုင်းပါပဲ။ ဘယ်နိုင်ငံ၊ ဘယ်အစိုးရ၊ ဘယ်တပ်မတော်ပဲဖြစ်ဖြစ် တူညီတာကတော့ ကိုယ့်နိုင်ငံ၊ ကိုယ့်အမျိုးသားအကျိုးစီးပွားကိုသာ ဦးထိပ်ထား ကာကွယ်နေကြရခြင်းပါပဲ။ ဒီအကြမ်းဖက်အစွန်းရောက်မှု ပြဿနာဟာ မနေ့တစ်နေ့ကမှဖြစ်ခဲ့တာ မဟုတ်ပါဘူး။ ဒီကနေ့ ရခိုင်ပြည်နယ်လို့ အများသိကြတဲ့ ဒေသဟာ လွန်ခဲ့သောနှစ်ပေါင်း(၃၀၀၀)အချိန်ကတည်းက ဝေဒကျမ်း အယူအဆ လွှမ်းမိုးတဲ့ ဘုရင့်နိုင်ငံများနှင့် ပတ်သက်တဲ့ ကနဦးရှေးဟောင်းသုတေသန အထောက်အထားများ အလုံအလောက်ရှိခဲ့သလို နောက်ပိုင်း ဗုဒ္ဓဘာသာကို ကိုးကွယ်တဲ့ ဘုရင့်နိုင်ငံများအနေနဲ့ နှစ်ပေါင်း(၂၀၀၀)နီးပါးမျှ သမိုင်းကြောင်း ရှိခဲ့ပါတယ်။

ဒါ့အပြင် ရခိုင်ပြည်နယ်မှာ ဗုဒ္ဓဘာသာကို နက်ရှိုင်းစွာ သက်ဝင်မှု တစ်မူထူးခြားစွာ ရှိခဲ့ကြောင်း ရှေးဟောင်းမြို့တော်ကြီးများ ခေတ်ဟောင်းဘာသာစကားနှင့် ရေးထိုးထားတဲ့ကျောက်တိုင်များ၊ ချောက်ကမ်းပါးနံရံတွေမှာ ထွင်းယူတည်ဆောက်ထားတဲ့ ဗုဒ္ဓဘာသာဆိုင်ရာ ဂူဘုရားများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ သက်သေထူနေသလို ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးခဲ့တဲ့နေရာနဲ့ ရခိုင်ပြည်နယ်ဟာ မိုင်(၅၀၀)လောက်သာဝေးတာမို့ ဒီလိုရှေးကျမြင့်မားတဲ့ ယဉ်ကျေးမှု၊ ဘာသာ၊ အဆုံးအမတို့ကို ပိုင်ဆိုင်ခွင့်ရတဲ့ လူမျိုးတစ်မျိုးအနေနဲ့ ကိုယ့်ဒေသ၊ ကိုယ့်ဇာတိကို ဘယ်လူမျိုးကမှ စွန့်လွှတ်ဆုံးရှုံးချင်မှာ မဟုတ်ပါဘူး။ ဒါပေမဲ့ ဟိုးယခင် ဗြိတိသျှအစိုးရအနေနဲ့ အိန္ဒိယမှ ဘင်္ဂါလီတို့ကို စိုက်ပျိုးရေးလုပ်ငန်းများမှာ အသုံးချဖို့ ခေါ်ယူထားရှိတဲ့ မှတ်တမ်းများအရ ဤမြေကို ဘင်္ဂါလီများ သိမ်းပိုက်ယူပြီး ရခိုင်ယဉ်ကျေးမှုကို ဖျက်ဆီးလိမ့်မည်ဖြစ်ကြောင်း အခိုင်အမာ ပြောထားခဲ့ဖူးပါတယ်။

ခေတ်သစ်ရခိုင်သမိုင်းမှာ လူအများဆုံး အသတ်ခံရတဲ့ ဖြစ်ရပ်က ၁၉၄၂ ခုနှစ်၊ မောင်တော၊ ရသေ့တောင် လူသတ်မှုကြီး ဖြစ်ပါတယ်။ ထိုဒေသများမှာ ဂျပန်များကို တိုက်ဖို့ ဗြိတိသျှတို့က လေ့ကျင့်ပေးပြီး လက်နက်တပ်ဆင်ပေးထားတဲ့ ဘင်္ဂါလီမူဆလင်အဖွဲ့က ဂျပန်ကို မတိုက်ဘဲ မြန်မာနှင့်ရခိုင်များကို ၎င်းလက်နက်များနှင့် သတ်ဖြတ်ခဲ့ရာမှာ မောင်တောမြို့နယ်တစ်ခုတည်းမှာပဲ မြန်မာ၊ ရခိုင်(၃၀၀၀) ဝန်းကျင် သေဆုံးခဲ့ပါတယ်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး မိမိတို့ကျေးရွာများ တစ်ရွာပြီးတစ်ရွာ ဘင်္ဂါလီများရဲ့ မီးရှို့ခံရမှုကြောင့် ကြောက်လန့်တကြား ထွက်ပြေးခဲ့ရတဲ့ ဗုဒ္ဓဘာသာဝင်များထံ ဇာတိကျေးရွာရာပေါင်းများစွာကို ပြန်ပေးဖို့ ၎င်းတို့က ငြင်းဆိုခဲ့ကြပြီး အိန္ဒိယမှ လွတ်လပ်ရေးရယူရန် ကြိုးပမ်းနေတဲ့ ပါကစ္စတန်နှင့် ပူးပေါင်းဖို့အတွက် မူဂျာဟစ်သူပုန်တပ်ဖွဲ့ကို ဖွဲ့စည်းခဲ့ကြပြန်တယ်။

၁၉၇၇ ခုနှစ်အတွင်းမှာ မူဂျာဟစ်သူပုန်များနဲ့ စူတန်မာမွတ်(Sultan Mahmud) ဦးဆောင်တဲ့ ARNO လက်ရွေးစင်အဖွဲ့များကို လစ်ဗျားနိုင်ငံသို့ စေလွှတ်ပြီး လစ်ဗျားခေါင်းဆောင် ဗိုလ်မှူးကြီး

ကဒါဖီ(Colonel Qaddafi) နဲ့ တွေ့ဆုံစေပါတယ်။ စူတန်မာမွတ်အဖွဲ့က မိမိတို့ရဲ့ ရည်ရွယ်ချက်ဟာ ရခိုင်ပြည်နယ်ကို အစ္စလာမ်ပြည် အဖြစ်ပြောင်းပြီး အာကစ္စတန်လို့ ခေါ်တွင်စေဖို့ ရှင်းပြခဲ့ပြီး မြန်မာအစိုးရအပေါ် ပုန်ကန်မယ့် ဆိုးဝါးလှတဲ့ ထိုလုပ်ရပ်ကို နဂါးမင်းစစ်ဆင်ရေးအမည်နှင့် ၁၉၇၈၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှာ စတင်တုံ့ပြန်ခဲ့ရပါတယ်။ ဒါကြောင့် မူဂျာဟစ် သူပုန်များနှင့် ပူးပေါင်း သူများ၊ ကူညီသူများကို အစုလိုက် ဖမ်းဆီးမှုကြောင့် ဘင်္ဂလားဒေ့ရှ်သို့ (၃)လအတွင်း (၁၅၀၀၀၀)မှ (၂၀၀၀၀၀)အထိ ထွက်ပြေးကြရာမှ ဒုက္ခသည်များ အမည်တပ်ပြီး UN ကနေ ခေတ်အဆက်ဆက် ပံ့ပိုးနေခဲ့ရခြင်း ဖြစ်ပါတယ်။

ဒီအဆိုကို တင်သွင်းမယ့် ၉-၈-၂၀၁၇ ရက်နေ့မှာပဲ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီး ကျင်းပတဲ့ ရခိုင်ပြည်နယ် လုံခြုံရေးဆောင်ရွက်ထားရှိမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးရဲ့ လမ်းညွှန်မှု အရ ရခိုင်ပြည်နယ်အတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်နေကြောင်းနဲ့ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့အနေနဲ့ ဟန်ချက်ညီညီ လိုအပ်မှုမှန်သမျှ ဖြည့်ဆည်း ဆောင်ရွက်နေပြီဆိုတာ သိရတဲ့အပြင် နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ၅-၈-၂၀၁၇ ရက်နေ့ကတည်းက ပြောခဲ့တဲ့ အကြမ်းဖက်ဝါဒသမားတွေနဲ့ အတူယှဉ်တွဲနေထိုင်လို့ မဖြစ်တော့တာမို့ ပြတ်သားတဲ့ မူဝါဒတွေချပြီး အပြီးသတ် နှိမ်နင်းတော့မယ်ဆိုတာရယ်၊ နိုင်ငံတစ်နိုင်ငံဆိုတာ လူတစ်ယောက်ရဲ့ ခန္ဓာကိုယ်လိုပဲ တစ်နေရာမှာ ထိခိုက်ဒဏ်ရာရရင် တခြားတစ်နေရာမှာလည်း ထိခိုက်နာကျင်ခံစား ရတာပဲဆိုတဲ့ စကားအရလည်းကောင်း၊ ယနေ့ တပ်မတော်အနေနဲ့ကလည်း လုပ်သင့်လုပ်ထိုက်တဲ့ လုံခြုံရေးအပိုင်းကို ထိရောက်စွာ ဆောင်ရွက်အကာအကွယ်ပေးနေတာတွေအပြင် အကြမ်းဖက်ဝါဒကို လမ်းတစ်ဝက်မှာ ခဝါမချနိုင်ခဲ့လို့ အနာတရဖြစ်ခဲ့ရတဲ့ ရခိုင်ပြည်သူ၊ ရှင်လူရဟန်း မငြိမ်းချမ်းခဲ့တာ မှန်သမျှ ထာဝရဆိတ်သုဉ်းဖို့အတွက် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ အဆိုနှင့်စပ်လျဉ်းပြီး ဒေသခံပြည်သူများနဲ့ နိုင်ငံကို ဦးဆောင် နေတဲ့ အစိုးရ၊ တိုင်းပြည်ရဲ့ ကာကွယ်ရေးကို အဓိကတာဝန်ယူနေတဲ့ အစဉ်အလာရှိပြီးသား တပ်မတော် စတဲ့ အဖွဲ့အစည်း(၃)ရပ်တို့က အကြမ်းဖက်ဝါဒ အဆုံးသတ်နိုင်ဖို့ကို စည်းလုံးညီညွတ်စွာနှင့် ခိုင်မာတဲ့ ဆုံးဖြတ်ချက်တွေချပြီး ဒီထက်ပိုမိုဆန်းစစ် အကောင်အထည်ဖော် ဆောင်ရွက်ကြမယ်ဆိုရင် ရခိုင် ဒေသအနေနဲ့ အေးချမ်းသာယာတဲ့ အခြေအနေကောင်းတစ်ရပ်ကို ပြန်လည်ရောက်ရှိလာနိုင်မှာဖြစ် ကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။(သြဘာသံများ)

မောင်တောဒေသ တည်ငြိမ်အေးချမ်းရေးဆိုင်ရာ သတင်းထုတ်ပြန်ချက် (က၉)

## အကြမ်းဖက်လုပ်ရပ်များ တိုးမြှင့်ဆောင်ရွက်လာခြင်းကို ဥပဒေနှင့်အညီ ထိထိရောက်ရောက်နှိမ်နင်းသွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန
"မောင်တောဒေသတည်ငြိမ်အေးချမ်းရေးဆိုင်ရာသတင်းထုတ်ပြန်ချက်"
၁၃၇၉ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်
(၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်)

၁။ နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လုံခြုံတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်ဖက်အသိုင်းအဝိုင်းအကြား ရင်ကြားစေ့ရေးတို့အတွက် ရေတိုရေရှည်အစီအမံများဖြင့် ဖြေရှင်းကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပြည်တွင်း၊ ပြည်ပအကူအညီများပေးအပ်နေမှုများ အပါအဝင် အခြေခံအဆောက်အအုံများ တိုးတက်တည်ဆောက်ရေးကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ ရခိုင်ပြည်နယ်အတွင်း လမ်း၊ တံတားများ တည်ဆောက်ရေးနှင့် လျှပ်စစ်ဓာတ်အားတိုးမြှင့်ရရှိရေးကိုလည်း ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ လက်ရှိတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ်(၂၀)ရှိသည့်အနက် (၁၃)မြို့နယ်နှင့် ဆက်စပ်ကျေးရွာပေါင်း (၁၈၄) ရွာတို့တွင် လျှပ်စစ်ဓာတ်အား ရရှိသုံးစွဲနေနိုင်ပြီဖြစ်ကာ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့တွင် ဒီဇယ်ဆီသုံးဓာတ်အားပေးစက်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးပေးလျက်ရှိပါသည်။ လျှပ်စစ်ဓာတ်အားမရရှိသေးသည့် မြို့ရွာများသို့ နိုင်ငံတော်လျှပ်စစ်ဓာတ်အားပေးစနစ်မှ ရယူဖြန့်ဖြူးပေးနိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနက ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ကနဦး စူးစမ်းတိုင်းတာရေးလုပ်ငန်းများ ဆောင်ရွက်မည့်အဖွဲ့တစ်ဖွဲ့အား ယနေ့ ၁၁-၈-၂၀၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်သို့ စေလွှတ်ပြီးဖြစ်ကာ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။

၃။ ထို့အပြင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ရေရှည်အစီအမံများ ချမှတ်လုပ်ဆောင်နေသကဲ့သို့ ဒေသတွင်းလက်ရှိအခြေအနေများအရ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များ ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေခရိုင်နှင့် မောင်တောခရိုင်အတွင်းရှိ ဆက်စပ်သော လမ်း၊ တံတားများနှင့် မေယုတောင်တန်း အရှေ့ဘက်၊ အနောက်ဘက် ဆက်သွယ်သည့် တောင်ကျော်လမ်းများ၊ လမ်းကွန်ရက်များကိုလည်း ဦးစားပေး လုပ်ဆောင်လျက်ရှိပါသည်။

*စာမျက်နှာ ၁၀ ကော်လံ ၁* ❖

ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်ခြင်းကိစ္စ၏ သတင်းစာ မြင်ကွင်းပုံ (က၉-၁)

## ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက်တစ်စောင် ထုတ်ပြန်

### ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလက်မှတ်ပြုလုပ်ခြင်းကိစ္စများကို ၁၉၈၂ နိုင်ငံသား ဥပဒေနှင့်အညီ ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုက်တွန်းတင်ပြ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထား

နေပြည်တော် ဩဂုတ် ၉


ရခိုင်ပြည်နယ် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လက်ရှိ ဖြစ်ပေါ်နေသော အကြမ်းဖက်တိုက်ခိုက်မှုများနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ကြေညာချက် အမှတ် ၁/၂၀၁၇ ကို ဩဂုတ် ၈ ရက်စွဲဖြင့် ထုတ်ပြန်လိုက်ကြောင်း သိရှိရသည်။

အဆိုပါကြေညာချက်တွင် ရခိုင်ပြည်နယ် မောင်တောတောင်ပိုင်းတွင် အပြစ်မဲ့သည့် တောင်ယာလုပ်ကိုင်နေသော ကိုင်းကြီး(မြို) ကျေးရွာသားများကို သေနတ်၊ ဓား လက်နက်များဖြင့် ရက်ရက်စက်စက်သတ်ဖြတ်မှုများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုအဖြစ် သတ်မှတ်ကြောင်း၊ ကိုင်းကြီးကျေးရွာတွင် ဩဂုတ် ၅ ရက်ကစပြီး လုံခြုံရေးရဲကင်းစခန်း ဖွင့်လှစ်ထားရှိ နိုင်ရေး စီစဉ်ဆောင်ရွက်ပြီဖြစ်ကြောင်း။

ရသေ့တောင်မြို့နယ် အောက်နန်းရာကျေးရွာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား မူဆလင်လူအုပ်စုမှ အတင်းဝင်ရောက်ဝိုင်းဝန်းသည့်ဖြစ်စဉ်နှင့် တစ်ဆက်တစ်စပ်တည်း စိုးရိမ်ကြောင့်ကြစိတ်ဖြင့် စေတီပြင်ကျေးရွာသို့ ကျေးရွာအသီးသီးမှ ပြောင်းရွှေ့လာသော ပြည်သူလူထုကို မိမိတို့၏ မူရင်းနေရပ်များသို့ ပြန်လည်သွားလာနေထိုင်နိုင်ရန်အတွက် ချွတ်ပြင်ရွာ၊ ပိတောက်မြိုင်ရွာ၊ ပြင်ရှည်ရွာ၊ ပေါက်ပင်ရင်းရွာတို့၌ လုံခြုံရေးကင်းစခန်းများ အခိုင်အမာ ချထားပြီဖြစ်ကြောင်း၊ မိမိတို့နေရပ်ကို စွန့်ခွာခဲ့ရပါက ကျူးကျော်ဝင်ရောက်နေထိုင်သူများ

*စာမျက်နှာ ၃ ကော်လံ ၅* ◆

အကြမ်းဖက်လူ့အဖွဲ့အစည်းတွေနဲ့ အတူယှဉ်တွဲနေထိုင်ဖို့ မဖြစ်နိုင် ပြတ်သားသော မူဝါဒချ နှိမ်နင်းမည် သတင်း၏ သတင်းစာ မြင်ကွင်းပုံ (က၉-၂)



**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမောင်မောင်အုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၃။**

**ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ မင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အုန်း ဖြစ်ပါတယ်။ ကျွန်တော်က ဦးခင်မောင်လတ် ရဲ့ အဆိုကို ဆွေးနွေးတဲ့အခါမှာ မူအားဖြင့်တော့ ကျွန်တော် လက်ခံပါတယ်။ သို့သော်လည်း ပြည်ထောင်စုအစိုးရမှ ပြဿနာကို ပညာသုံးပြီး ရေရှည် အကျိုးစီးပွားနှင့် တည်ငြိမ်အေးချမ်းမှုရအောင် ဆောင်ရွက်နေခြင်းကို အကြံပြု ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဒီပြဿနာမှာ ပြည်ပ ဘင်္ဂလားဒေ့ရှ်နိုင်ငံနဲ့ ပတ်သက်နေသလို နိုင်ငံတကာမှာလည်း စောင့်ကြည့်နေပါတယ်။ စွက်ဖက်မှုတွေလည်း ရှိနေပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါး၊ ဘာသာရေးအစွန်းရောက်မှု၊ နိုင်ငံရေးအကျိုးစီးပွားရလိုမှုနဲ့ ပြဿနာ ဖြစ်မှု ပြဿနာဖြစ်မှ ကိုယ်ကျိုးရဆိုတဲ့ အဖွဲ့အစည်းတွေ ပါဝင်ပတ်သက်နေတာကို တွေ့ရှိရပါတယ်။ ၂၀၁၁ ခုနှစ်ကုန်ပိုင်းမှာ ရခိုင်တိုင်းရင်းသူ မသီတာထွေး အသတ်ခံရတဲ့အမှုမှာ မြန်မာဘက်က ပြန်လည်တုံ့ပြန်မှုကို နိုင်ငံတကာမှ မူဆလင်ကမ္ဘာက မြန်မာကို ဆန့်ကျင်ကန့်ကွက်သလို ပြန်လည် ထိုးနှက်မှုအနေနဲ့ မလေးရှားမှာသွားပြီး အလုပ်လုပ်နေတဲ့ မြန်မာလူမျိုးတွေ မြောက်မြားစွာ အသတ်ခံ ရပါတယ်။ စော်ကားခံရ၊ နှိပ်စက်ခံရတာတွေ ယနေ့အထိ ကြားသိနေရတုန်းပါ။ ဒါတွေဟာ သတိချပ် သင့်ပါတယ်။

ဒါကြောင့် ဒီပြဿနာ ကိုင်တွယ်ပုံ ပညာသားမပါရင် ပျားအုံကို တုတ်နှင့်ထိုးသလို ဝိုင်း အတုတ်ခံရနိုင်ပါတယ်။ ဒါ့အပြင် ပတ်သက်ရာ ပတ်သက်ကြောင်း ပဒုပျားကြီးတွေပါ ဝိုင်းပြီး ပါလာနိုင်တယ်ဆိုတာ ကျွန်တော်တို့ သတိပြုရပါလိမ့်မယ်။ ဒါကြောင့်မို့လို့ ကျွန်တော်ဟာ နိုင်ငံရေး စီမံခန့်ခွဲမှုဘာသာရပ် (Political Management) မှ ပဋိပက္ခစီမံခန့်ခွဲမှု (Conflict Management) ရှုထောင့်ကနေ အဆိုကို သုံးသပ်တင်ပြလိုပါတယ်။ ဒီတင်ပြချက်ဟာ ပြဿနာတိုင်းမှာရှိနေတဲ့ကြောင်း ကျိုးဆက်စပ်မှုနည်းအတိုင်း သုံးသပ်ခြင်းဖြစ်ပါတယ်။ အကြောင်းတရားကို သတ်မှ အကျိုးတရား သေပါလိမ့်မယ်။ အကြောင်းရင်းကို သိဖို့အတွက် ဒုတိယသမ္မတ ဦးမြင့်ဆွေ ခေါင်းဆောင်တဲ့ ရခိုင် ပြည်နယ်၊ မောင်တောဒေသ စုံစမ်းစစ်ဆေးရေးကော်မရှင်ဟာ နိုင်ငံတကာ ကျင့်သုံးတဲ့နည်းလမ်းနှင့် စနစ်တကျ သုတေသန လုပ်ခဲ့ပါတယ်။ ပြဿနာရဲ့ အဓိကအကြောင်းရင်းကို ကော်မရှင်က သုံးသပ်ရာမှာ မတူညီတဲ့ ယုံကြည်ကိုးကွယ်မှု၊ ရိုးရာဓလေ့၊ ယဉ်ကျေးမှုအစဉ်အလာ၊ လူမှုပေါင်းသင်းဆက်ဆံရေးနဲ့ အကျိုးစီးပွား၊ ဆင်းရဲနွမ်းပါးမှုတွေ ပါဝင်ပတ်သက်နေတယ်လို့ သတင်းစာရှင်းလင်းပွဲကို ၆-၈-၂၀၁၇

ရက်က လုပ်ခဲ့ပါတယ်။ ပဋိပက္ခဖြေရှင်းနည်း(၃)နည်းနဲ့ ယခင်အစိုးရတွေ ဖြေရှင်းခဲ့ရာမှာ (၁) Avoiding ဆိုတဲ့ ပြဿနာ၊ ပြဿနာမှ ရှောင်ထွက်ခြင်းနှင့် ပြဿနာပေါ်လာတဲ့အခါ ငါးပွက်ရာ ငါးစာချနည်းနဲ့ ဖြေရှင်းခဲ့တဲ့အတွက် ရေရှည်အကျိုးစီးပွားမပါဘဲ ကျွန်တော်တို့ မြန်မာ့မြေကို ဒီဘင်္ဂါလီတွေ ကျူးကျော်ဝင်ရောက်ခြင်း ဖြစ်ပါတယ်။

နောက်တစ်ခုက Accomodation အဆင်ပြေလိုက်လျောအောင် ပေးလိုက်ရခြင်းနဲ့ Forcing/Competitive ဆိုတဲ့ အင်အားသုံးဖြေရှင်းခြင်းကိုတော့ စစ်ရေးအမြင်နှင့် အရင်က ဆောင်ရွက်ခဲ့ကြပါတယ်။ ဥပမာ ၁၉၇၃ ခုနှစ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီကာလမှာ နဂါးမင်းစစ်ဆင်ရေးနှင့် အင်အားသုံးပြီး ဘင်္ဂါလီတွေ (၆၀၀၀၀)ကျော် မောင်းထုတ်လိုက်တာ၊ အဲဒီမှာ UN က ဖိအားပေးလိုက်တော့ (၁၅၀၀၀၀) လောက်ပြန်လည်ဝင်လာတာ တွေ့ရပါတယ်။ ဒါဟာ ထွက်တော့ တစ်ဆ၊ ဝင်တော့ နှစ်ဆ ဖြစ်သွားပါတယ်။ ဒါကြောင့်မို့လို့ လက်ရှိအစိုးရက နိုင်ငံတကာ ပုံရိပ်နှင့် ကျောထောက်နောက်ခံ အကြံညာဏ်ရအောင် ကိုဖီအာနန် နဲ့ အဖွဲ့ကို နိုင်ငံအကျိုးနှင့် နိုင်ငံသားအကျိုးအတွက် ဖွဲ့စည်းခဲ့တာ ယုံမှားသံသယ မရှိစေချင်ပါဘူး။ အနှစ်သာရတန်ဖိုး Core Value ဆိုတာ မြင့်တတ်ဖို့၊ နားလည်ဖို့၊ တန်ဖိုးထားတတ်ဖို့ပဲ လိုပါတယ်။

ဒီပြဿနာကို အကောင်းဆုံးနည်းနဲ့ ဖြေရှင်းဖို့ကတော့ Win-Win Situation ရဖို့ လိုပါတယ်။ ပူးပေါင်းဆောင်ရွက်ခြင်းဆိုတဲ့ Collaboration နည်းနဲ့သာ အဆင်ပြေမှာပါ။ ရခိုင်ပြည်နယ်ဟာ ကျွန်တော်တို့ မြန်မာနိုင်ငံသားအားလုံးနဲ့ သက်ဆိုင်သလို ကျွန်တော်တို့ သွေးသားတွေနေတဲ့ ဒေသပါ။ ဘူးသီးတောင်၊ မောင်တောဒေသလည်း ကျွန်တော်တို့ မြေပါ။ ဒါကြောင့်မို့လို့ လက်ရှိ ပြည်သူ့အစိုးရဟာ ကျောသားရင်သား မခွဲခြားဘဲ အဆင်းရဲဆုံးနဲ့ ဒုတိယအဆင်းရဲဆုံးဖြစ်တဲ့ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်ကို အထူးဒေသများအဖြစ် ဖွံ့ဖြိုးရေးနဲ့လုံခြုံရေးကို ဆောင်ရွက်နေတာ အများသိ ဖြစ်ပါတယ်။

ကျွန်တော် အကြံပြုလိုတာက ကျွန်တော်တို့ တိုင်းရင်းသားတွေ အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် မြန်မာ့အနောက်တံခါးလုံခြုံရေး မဟာဗျူဟာနှင့် ဘက်စုံဖွံ့ဖြိုးရေးစီမံကိန်းဆိုပြီးတော့ Myanmar West Door Security, Strategic and Comprehensive Plan ဆိုပြီးတော့ ကျွန်တော်တို့ အစိုးရမှ စနစ်တကျ အချိန်၊ လူ၊ ငွေ၊ အင်အားသုံးပြီး ဆောင်ရွက်ဖို့ အကြံပြုလိုပါတယ်။ ဒီထဲမှ အစိုးရ တိုင်းနှင့်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်တွေ တပ်မတော်နှင့် ပြည်သူ NGO အဖွဲ့တွေ၊ ကျွန်တော်တို့ စီးပွားရေးဆိုင်ရာ ကျွမ်းကျင်မှုပညာရှင်တွေ၊ ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်တွေ၊ မွေးမြူရေးဆိုင်ရာ လုပ်ငန်းရှင်တွေ ပါဝင် ပူးပေါင်းသင့်ပါတယ်။ ဘက်ပေါင်းစုံအမြင်နှင့် မူဘောင်တွေ၊ စည်းမျဉ်းတွေ ရေးဆွဲသင့်ပါတယ်။ နယ်ခြားစည်းရိုး၊ နယ်ခြားစောင့်တပ်၊ ခေတ်မီနည်းပညာနှင့် ခိုင်မာတောင့်တင်းအောင် လုပ်ဖို့လိုပါလိမ့်မယ်။ ဘင်္ဂါလီရွာတွေကို စနစ်တကျ အကွက်ကျ လုံခြုံရေးအရ စစ်ဆေးနိုင်အောင် လွယ်ကူအောင် လမ်း၊ တံတားတွေ ပြုလုပ်ထားဖို့လည်း လိုမယ်လို့ အကြံပေးချင်ပါတယ်။ လူဦးရေ စာရင်းကောက်ဖို့က အဓိက ကျပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေ ကူညီမှုကို စိစစ်ထိန်းချုပ် ပူးပေါင်းပြီးတော့ နိုင်ငံတကာ အဖွဲ့အစည်းကိုလည်း ပါဝင်လာအောင် တိုက်တွန်းဖို့ သင့်ပါတယ်။

တိုင်းနှင့် ပြည်နယ်အသီးသီးမှ စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်သမားတွေ လာရောက်လုပ်ကိုင်နိုင်အောင် လုံခြုံရေးနဲ့ အထူးအခွင့်အရေးတွေ ပေးပါလို့၊ ဒါတွေလုပ်မယ်ဆိုရင် ကျွန်တော်တို့ CSO သဘော်မှာ ကျွန်တော် အလုပ်လုပ်ခဲ့ဖူးတဲ့ လုံခြုံရေးသင်တန်းတို Detect ဆိုတဲ့ ထောက်လှမ်းရေး၊ Deter ဆိုတဲ့ တားဆီးရေး၊ Mitigating ဆိုတဲ့ လျော့ပါးရေးကို လုပ်တာနဲ့ သွားတူပါလိမ့်မယ်။ ဖော်ပြပါ အကြံပြုချက်တွေက တစ်စိတ်တစ်ဒေသပဲ ရှိပါသေးတယ်။ အစိုးရအနေနဲ့ လုပ်ရတာ အလွန်သိမ်မွေ့ ရှုပ်ထွေးနက်နဲ ခက်ခဲပါတယ်။ ဒါကြောင့် အပြောလွယ်သလောက် အလုပ်ခက်တာမို့ အစိုးရကသာ ဒီအဆိုကို သုံးသပ် ဆုံးဖြတ်သင့်ပါကြောင်း တင်ပြလိုက်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါ်မြတ်သီတာထွန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၈။**

**ဒေါ်မြတ်သီတာထွန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ မင်္ဂလာပါရှင်။ ကျွန်မက မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မြတ်သီတာထွန်း ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)က ဦးခင်မောင်လတ် ရဲ့ အဆိုကို အကြံပြု ဆွေးနွေးသွားမှာပါ။ ဥက္ကဋ္ဌကြီးရှင်။ Power Point အသုံးပြုခွင့်ပြုပါရှင်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်မှာ မြို့နယ်ပေါင်း(၁၇)မြို့နယ်ရှိပြီး ရခိုင်မျိုးနွယ်စု(၇)စု နေထိုင်ပါတယ်။ Slide 2 ကိုပြပါ။ ဘင်္ဂလားဒေ့ရှ်နဲ့ နယ်စပ်ချင်းထိစပ်နေတဲ့ ပုံမှာ အနီရောင်နဲ့ ကွက်ပြထားတဲ့ မြောက်ပိုင်း(၃)မြို့နယ်မှ အကြမ်းဖက်သတ်ဖြတ်မှုတွေ ဖြစ်နေတာဖြစ်ပါတယ်။ ဒီဖြစ်ရပ်ဟာဆိုရင် ၂၀၁၇ ခုနှစ်မှာ ကမ္ဘာကစောင့်ကြည့်နေတဲ့ စာရင်းထဲမှာ ပါနေပါတယ်။ အခု ကျွန်မတို့ ရခိုင်မြောက်ပိုင်း အခြေအနေဟာ ထိုင်းတောင်ပိုင်းက မလေး၊ မူဆလင်အများစုနေထိုင်တဲ့ပုံမှာ အဝါရောင်ခြယ်ထားတဲ့ Pattani တို့၊ Yala တို့လိုမျိုး တည်ငြိမ်မှု ပျက်ပြားနေတဲ့ အခြေအနေမျိုး ဖြစ်ပါတယ်။ အဲဒီ ဒေသနှစ်ခုက ဗုဒ္ဓဘာသာဝင် အချိုးကို သန်းခေါင်စာရင်းကောက်ယူထားတဲ့ အချက်အလက် Slide ဖြစ်ပါတယ်။ နှစ်(၂၀)အတွင်း ဗုဒ္ဓဘာသာဝင်ဦးရေ အချိုးအစား သုံးပုံတစ်ပုံလောက် လျော့နည်းသွားပါတယ်။ ဘာသာကူးပြောင်းသွားတာ မဟုတ်ပါဘူးရှင်။ မနေရဲတော့လို့ နေရပ်စွန့်ခွာ သွားကြတာပါ။ ဒေသခံပြည်သူတွေ မနေရဲလို့ စွန့်ခွာခဲ့ရတဲ့ နယ်မြေတွေမှာ ဘယ်သူတွေအစားဝင် နေရာယူကြမှာလဲဆိုတာကတော့ ရှင်းနေပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလို အဖြစ်အပျက်နှင့် အလားတူ ကျွန်မတို့ ရခိုင်ပြည်သူတွေ ခံစားနေရတာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံရဲ့ အနောက်ဘက်နယ်မြေ အစိတ်အပိုင်းအတွက် စိုးရိမ်နေရတာဖြစ်ပါတယ်။ ထိုင်းနိုင်ငံမှာတော့ ၂၀၀၄ ခုနှစ်၊ လူ(၈၀)လောက် သေဆုံးတဲ့ဖြစ်ရပ်ကစလို့ အခုထက်ထိ လူနည်းစု ဗုဒ္ဓဘာသာဝင်တွေရဲ့ လုံခြုံရေးကို ထိုင်းစစ်တပ်က ဘုန်းကြီးကျောင်းပါ မကျန် နေရာယူ လုံခြုံရေးပေးထားတာ ဖြစ်ပါတယ်။

ဒါကတော့ ထိုင်း Volunteer တပ်သားတစ်ဦးရဲ့ပုံ ဖြစ်ပါတယ်။ ကလေးစာသင်ကျောင်းတွေမှာ လုံခြုံရေးယူထားပေးတဲ့ပုံ ဖြစ်ပါတယ်။ ဒါ့အပြင် သူတို့မှာ The Net work of Buddhist for the Protection of Buddhism ဆိုတဲ့ အဖွဲ့အစည်းတစ်ခုလည်း ရှိပါတယ်။ ဒီအဖွဲ့ဟာဆိုရင် ကျွန်မတို့နိုင်ငံက အချို့သော လူမျိုးဘာသာအမည်ခံ အဖွဲ့အစည်းတွေလို အမုန်းစကားတွေ သုံးပြီးတော့ လူမှုကွန်ရက်မီဒီယာတွေကနေ လေနှင့် အလုပ်လုပ်နေကြတဲ့သူတွေ မဟုတ်ပါဘူး။ တကယ့်အရေးကြုံနေရတဲ့ဒေသအထိ သွားရောက်အထိုင်ချပြီးတော့ သူတို့ရဲ့ ပြည်သူတွေကို လက်တွေ့ကူညီမှုတွေဖောက်ချလုပ်ကိုင်ပေးနေတဲ့ အဖွဲ့ပဲ ဖြစ်ပါတယ်။ ဒါကတော့ ထိုင်းစစ်တပ်က နယ်မြေလုံခြုံရေးအတွက် ကင်းလှည့်နေတဲ့ပုံ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာရော ရခိုင်ပြည်နယ် ပြဿနာကို ဘယ်လိုကိုင်တွယ်ဖြေရှင်းခဲ့ပါသလဲ။ လွတ်လပ်ရေးရပြီးလို့ နောက်ပိုင်းကစလို့ ၂၀၁၅ ခုနှစ် မတိုင်မီအထိ အကြမ်းဖက်သမားတွေ ဘယ်လိုထကြွခဲ့ကြသလဲ။ တာဝန်ရှိသူတွေ ဘယ်လို ဖြေရှင်းခဲ့ကြသလဲဆိုတာကိုတော့ ကျွန်မ မဆွေးနွေးလိုတော့ပါဘူး။ လက်ရှိမှာ အစိုးရအနေနဲ့ ရင်ဆိုင်ကိုင်တွယ် ဖြေရှင်းနေတဲ့ ကိစ္စတွေကိုတော့ အနည်းငယ် သုံးသပ်ဆွေးနွေးလိုပါတယ်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီး နိုင်ငံကို ဦးဆောင်နေတဲ့ NLD အစိုးရဟာ ရခိုင်ပြည်နယ်နဲ့ ပတ်သက်လို့ရှိရင် ခေတ်အဆက်ဆက်ရဲ့ ဆိုးမွေတွေကို ဆက်ခံခဲ့ရတဲ့အပြင် ၂၀၁၆ ခုနှစ်၊ အောက်တိုဘာကစလို့ ပြဿနာအသစ်တွေကို ထပ်ပြီး ရင်ဆိုင်နေရတာဖြစ်ပြီးတော့ ဖြေရှင်း ဆောင်ရွက်မှုတွေ လုပ်နေပါတယ်။ အစိုးရအနေနဲ့ အကြမ်းဖက်သမားတွေကိုရော သံသယရှိသူတွေကိုပါ ရှာဖွေဖော်ထုတ်ဖမ်းဆီး အရေးယူမှုတွေ လုပ်နေတယ်ဆိုတာကို အစိုးရသတင်းစာနဲ့ နိုင်ငံတော်အတိုင်ပင်ခံရုံးရဲ့ သတင်းထုတ်ပြန်ချက်တွေမှာ ဓာတ်ပုံသက်သေတွေနဲ့အတူ အဆက်မပြတ် မြင်တွေ့နိုင်ပါတယ်။

ဒါကတော့ ဩဂုတ်လ ၈ ရက်နေ့က ကျရောက်တဲ့ အာဆီယံနှစ်(၅၀)ပြည့်နေ့မှာ အကြမ်းဖက်အစွန်းရောက်ဝါဒီများကို ဖြေရှင်းရမယ်လို့ နိုင်ငံတော်သမ္မတက အာဆီယံအဖွဲ့ကြီးဆီကို သဝဏ်လွှာ ပေးပို့ထားတာ ဖြစ်ပါတယ်။ ဒါ အစိုးရရဲ့ မူဝါဒ သဘောထားပဲ ဖြစ်ပါတယ်။ ဩဂုတ်လ ၉ ရက်နေ့မှာဆိုရင် ရခိုင်နဲ့ ပတ်သက်လို့ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဦးစီးကျင်းပတဲ့ ရခိုင်ပြည်နယ်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကိုကျင်းပခဲ့ပြီးတော့ ရဲတပ်ဖွဲ့၊ တပ်မတော်၊ တပ်ရင်းတပ်ဖွဲ့တွေကို ထပ်မံအင်အားဖြည့်တင်းပြီးတော့ မောင်တောဒေသကို ပို့ဆောင်လိုက်ပြီ ဖြစ်ပါတယ်။ ဒီလိုဆွေးနွေးနေလို့ ကျွန်မအနေနဲ့ အစိုးရရဲ့ လုပ်ဆောင်ချက်တွေဟာ လုံလောက်နေပါပြီ၊ ပြီးပြည့်စုံနေပါပြီလို့ ဆိုချင်နေတာ မဟုတ်ပါဘူး။ ဒီထက်ပိုပြီးတော့ လုပ်စရာတွေ ရှိနေပါတယ်။ ဒါပေမဲ့ ဒီအစိုးရအနေနဲ့ အခက်အခဲတွေကြားကမှ ရခိုင်ပြည်နယ်အရေးကိစ္စကို အထူးအလေးထားပြီးတော့ ကြိုးပမ်းလုပ်ဆောင်နေတယ်ဆိုတာကိုတော့ အရှိကို အရှိအတိုင်း အသိအမှတ်ပြုဖို့လိုပါတယ်ရှင်။

ကျွန်မတို့ ပြည်သူ့ကိုယ်စားလှယ်များအနေနဲ့ အစိုးရကို တိုက်တွန်းနှိုးဆော်မှုတွေနဲ့အတူ အပြုသဘောဆောင်တဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုတော့ လုပ်ဖို့လိုပါတယ်။ စိုးရိမ်ထိတ်လန့်နေတဲ့ ရခိုင်ပြည်သူတွေကို အစိုးရက ဘာတွေလုပ်ပေးနေလဲ ဆိုတာကိုတော့ အရှိကို အရှိတရားတွေကို ပွင့်ပွင့်လင်းလင်းသိအောင် ချပြပေးဖို့ ပြည်သူ့ကိုယ်စားလှယ်များမှာ တာဝန်ရှိပါတယ်။ ဒီနေရာမှာ

မီဒီယာများရဲ့ အခန်းကဏ္ဍဟာလည်း အရေးကြီးပါတယ်။ သတင်းအမှန်တွေစုံးမိုးတဲ့ မီဒီယာလောက ဖြစ်ဖို့ လိုပါတယ်။ မီဒီယာလောကလို့ဆိုရာမှာ ကျွန်မအနေနဲ့ ပြည်တွင်း ကွက်ကွက်လေးကို ဆိုလိုတာ မဟုတ်ပါဘူး။ ကမ္ဘာ့မီဒီယာများအထိ ကျွန်မတို့ မြန်မာ့မီဒီယာများက ထိုးဖောက်နိုင်အောင် ကြိုးစားရမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရဲ့ တာဝန်ပေးချက်အရ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁၂၊ ၁၃ ရက်နေ့မှာ အင်ဒိုနီးရှားနိုင်ငံမှာကျင်းပတဲ့ ASEAN Parliamentary ခေါ် Human Right Forum ကို ကျွန်မ တက်ရောက်ခဲ့ပါတယ်။ လူ့အခွင့်အရေးဆိုတဲ့ ခေါင်းစဉ်ကို ခုတုံးလုပ်ပြီးတော့ အဲဒီ Forum ဟာ ရခိုင်ပြည်နယ်နဲ့ပတ်သက်လို့ ကျွန်မတို့နိုင်ငံရဲ့ပုံရိပ်ကို ကမ္ဘာ့အလယ်မှာ ကျဆင်းအောင် လော်ဘီဝိုင်း လုပ်တဲ့ပွဲပဲ ဖြစ်ပါတယ်။ သူတို့ရဲ့ ၂၀၁၅ ခုနှစ် Report ထဲမှာ ကျွန်မတို့နိုင်ငံထဲမှာ တရားမဝင် ကျူးကျော်နေတဲ့ ဘင်္ဂါလီတွေကို သနားစဖွယ်ဖြစ်အောင် လုပ်ဇာတ်ခင်းပြီးတော့ ရေးသားထားတာကို တွေ့ရပါတယ်။ ဒီသတင်းတွေကို သူတို့က UN လိုမျိုး၊ EU လိုမျိုး ကမ္ဘာ့ဩဇာရှိအဖွဲ့အစည်းတွေ၊ မီဒီယာတွေကို ဖြန့်ဝေကြတာပါ။ သူတို့ရဲ့ ဆွေးနွေးချက်တွေကို ကျွန်မတို့ အတိုက်အခံ ချေဖျက်ခဲ့ရပါတယ်။

ဒါကြောင့် ရခိုင်ပြည်နယ်အရေးဟာ ပြည်တွင်းရေးပါလို့ ပြောနေကြသူတွေကို သိစေချင်ပါတယ်။ ပြည်တွင်းရေးသက်သက်လို့ မျက်စိမှိတ် ကြွေးကြော်ရင်းနဲ့ပဲ ပြင်ပကမ္ဘာမှာ ရခိုင်ပြည်နယ်ကိစ္စကို ကျယ်ကျယ်လောင်လောင် ဆွေးနွေး ဝေဖန်အပုပ်ချနဲ့ ပုံဖော်မှုအမျိုးမျိုးဖြစ်နေပြီ ဆိုတာကို သဘောပေါက်ဖို့ လိုပါတယ်။ ဒါကြောင့်လည်း နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်က ပြည်တွင်းရဲ့ အခြေအနေကို၊ အခြေအနေမှန်ကို ကမ္ဘာက ဒေသတွေ၊ နိုင်ငံတွေက သိရှိအောင် အမြော်အမြင်ရှိရှိနဲ့ ကြိုးပမ်းနေတာ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်မအနေနဲ့ နိဂုံးချုပ်ဆွေးနွေးလိုတာကတော့ ကျွန်မတို့နိုင်ငံ ရင်ဆိုင်နေရတဲ့ ဒီလိုအခြေအနေမှာ အလိုအပ်ဆုံးကတော့ အစိုးရနဲ့အတူ တပ်မတော်၊ ပြည်သူ၊ မီဒီယာ၊ နိုင်ငံရေးပါတီတွေအနေနဲ့ ညီညွတ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ပြည်သူများရဲ့ ဘဝလုံခြုံရေး၊ တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာ အထိပါး မခံရရေးအတွက် ရင်ဆိုင်ကာကွယ်ကြဖို့ပဲ ဖြစ်ပါတယ်လို့ အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက် တိုက်ခိုက်ခံရသော မြို့နယ် (၃) မြို့နယ်ပြမြေပုံ (ကဈ)




နိုင်ငံတော်သမ္မတက အာဆီယံနှစ်(၅၀)ပြည့်နေ့၌ အကြမ်းဖက်အစွန်းရောက်ဝါဒီများကို ဖြေရှင်းရန် အာဆီယံ အဖွဲ့ကြီးဆီသို့ သဝဏ်လွှာ ပေးပို့ မိန့်ခွန်းပြောကြားပုံ (ကဈ-၁)



မြန်မာ့အလင်းသတင်းစာ မြင်ကွင်းပုံ (ကစ-၂)


မြန်မာ့အလင်း
Established in 1914
Myanma Alinn Daily

အနှစ်ရှိသောတရားကိုရနိုင်

နိုင်ငံတော်သမ္မတ၊ ဇနီးနှင့် မိသားစုတို့အား တိုင်းရင်းသားလူမျိုးပေါင်းစုံပါဝင်သည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များမိသားစုအဖွဲ့က ခရစ်တော်မွေးနေ့အကြို မေတ္တာပို့ ဆုတောင်းကောင်းချီးပေး

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်
ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး
ကြိုးပမ်းချက်များအား အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ မိသားစုအသွင်ဖြင့် ရှင်းလင်း

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးဖေချစ် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးဖေချစ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာပြီး မင်္ဂလာအပေါင်း ခညောင်းကြပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက် ဂါရဝ ပြုပါတယ်။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၉) အရွေးချယ်ခံကိုယ်စားလှယ် ဦးဖေချစ် ဖြစ်ပါတယ်။ ၉-၈-၂၀၁၇ ရက်နေ့၊ အမျိုးသားလွှတ်တော်၊ ပဉ္စမပုံမှန် ရက်(၄၁)မြောက် အစည်းအဝေးမှာ ဦးခင်မောင်လတ် တင်သွင်းတဲ့ ရခိုင်ပြည်နယ်၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင် မြို့နယ်များတွင် အစဉ်တစိုက်ဖြစ်ပေါ်နေသော အကြမ်းဖက်အဖွဲ့အစည်းများ၏ ကျူးကျော်သောင်းကျန်း နေမှုများအား နယ်မြေတည်တံ့ခိုင်မြဲရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသခံပြည်သူတို့ အသက်ဘေး လုံခြုံရေးတို့ကို တိုက်ရိုက်ထိခိုက်နေသောကြောင့် အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေအရ ထိရောက်စွာ အရေးယူပေးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပေးပါရန် တောင်းခံအပ်ပါတယ်။

ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်များ ခင်ဗျား။ လွန်ခဲ့သော နှစ်များစွာကတည်းက အာရပ်ကမ္ဘာမှ စတင်ကာ အစွန်းရောက် မူဆလင်လူမျိုးရေးဝါဒီတွေဟာ ဘာသာမတူသူများကို ရန်ပြုတိုက်ခိုက်ရင်းနဲ့ အယ်လ်ခိုင်ဒါ တာလီဘန် အကြမ်းဖက်အဖွဲ့တွေ တစ်စတစ်စနဲ့ အင်အားများ တောင့်တင်းလာကြပါတယ်။ အီရတ်စစ်ပွဲ၊ လစ်ဗျားတော်လှန်ရေးတွေမှတစ်ဆင့် အာဖဂန်နစ္စတန် ဆီးရီးယားစစ်မြေပြင်နဲ့ ပါကစ္စတန်အထိ ရောက်လာခဲ့ပါသည်။ ၁၉၄၂ ခုနှစ်၊ ကုလား-ရခိုင်အဓိကရုဏ်းဖြစ်ခဲ့သည့်မှစပြီး မူဆလင်လွတ်မြောက်ရေးတပ်ဦးဆိုတာ စပြီး ပေါ်ပေါက်ခဲ့ပါသည်။ မောင်တော၊ ဘူးသီးတောင်၊ ရသေ့တောင် (၃)မြို့နယ်ကို အရှေ့ပါကစ္စတန်နယ်မြေထဲ ထည့်သွင်းဖွဲ့စည်းရန် အိန္ဒိယအစိုးရထံသို့ တောင်းဆိုခဲ့ဖူးပါတယ်။ ၁၉၄၈ ခုနှစ်၊ မူဆလင် လွတ်မြောက်ရေးညီလာခံကို မောင်တောမြို့နယ်၊ ဂရင်ပြင်ကျေးရွာမှာ ကျင်းပပြုလုပ်၍ မူဂျာဟစ်ပါတီ ထူထောင်ခဲ့ဖူးပါတယ်။ ၁၉၅၂ ခုနှစ်၊ တပ်မတော်ရဲ့ မေယုစစ်ဆင်ရေးကြောင့် မူဂျာဟီဒင်လက်နက်ကိုင် (၂၉၀) လက်နက်ချ၊ အင်အားစုတွေပြိုကွဲပြီး တစ်ဖက်နိုင်ငံထဲသို့ ဝင်ရောက် တိမ်းရှောင်သွားကြပါတယ်။ ပါကစ္စတန်နဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဘင်္ဂါလီများ တရားမဝင် ဝင်ရောက်နေမှုကို ဟန့်တားရန် ၁၉၇၉ ခုနှစ်၊ ၁၉၈၀ ခုနှစ်၊ ၁၉၈၂ ခုနှစ်၊ ၁၉၈၅ ခုနှစ်များက နဂါးမင်းစစ်ဆင်ရေး၊ ဆင်ဖြူတော် စစ်ဆင်ရေး၊ ရွှေဟင်္သာစစ်ဆင်ရေးတွေကြောင့် တစ်ဖက်နိုင်ငံထဲကို ပြန်ပြီးဝင်ရောက်ခဲ့ကြပါတယ်။ ၂၀၁၂ ခုနှစ်ကျမှ မူဆလင်နိုင်ငံတွေရဲ့ အထောက်အပံ့နဲ့ အကြမ်းဖက်အဖွဲ့တွေ တရားဝင် လှုပ်ရှားလာခဲ့ပါတယ်။

ကျွန်တော့်အရင် ကိုယ်စားလှယ်တော်ကြီးများမှ ပြည့်ပြည့်စုံစုံ တင်ပြသွားကြပြီဖြစ်လို့ ကျွန်တော်မှ ထပ်မံ၍ အသေးစိတ် မတင်ပြလိုတော့ပါ။ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာ ၉ ရက်မှစပြီး မောင်တောမြို့နယ်၊ ရသေ့တောင်မြို့နယ်များမှာရှိတဲ့ နယ်ခြားစောင့် ရဲတပ်ဖွဲ့ဌာနချုပ် အပါအဝင် အခြေချစခန်း (၃)ခုကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်း တိုက်ခိုက်ခဲ့ခြင်းကြောင့် ရဲအရာရှိ အပါအဝင် (၁၀)ဦးကျဆုံး၊ လက်နက်ခဲယမ်းများစွာ ဆုံးရှုံးခဲ့ရပါတယ်။ အဲဒီဖြစ်စဉ် မတိုင်ခင်က ၂၀၁၆ ခုနှစ်၊ ဇွန်လဆန်းမှာ ရဲတပ်ဖွဲ့ဝင်တွေ အင်အားဖြည့်တင်းပေးဖို့၊ စွမ်းရည်မြှင့်သင်တန်းတွေပေးဖို့၊ ခေတ်မီလက်နက်တွေ တပ်ဆင်ပေးဖို့၊ ရိက္ခာရာရှင်တွေ Issue ထုတ်ပေးဖို့ အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်း ကျွန်တော် မေးခွင့် တင်ပြရာမှာ အခုလည်း လုပ်နေတာပဲဆိုပြီး ကျွန်တော့်မေးခွန်းကို မေးခွင့်မပြုခဲ့ပါဘူး။ ကျွန်တော် စိုးရိမ်တဲ့အတိုင်းပဲ (၄)လအကြာမှာ Overturn ဖြစ်သွားပါတယ်။

ရခိုင်ပြည်နယ်က အဆိုပါ (၃)မြို့နယ်ဖြစ်စဉ်ဟာ နဂိုမူလတုန်းက ဒေသခံရခိုင်တိုင်းရင်းသားတွေနဲ့၊ ဘင်္ဂါလီလူမျိုး မူဆလင်တွေနဲ့ လူမျိုးရေးစိတ်ဓာတ်အခြေခံတဲ့ ပဋိပက္ခလို့ ပေါ့ပေါ့ဆဆ သုံးသပ်ခဲ့ကြတယ်လို့ ထင်ပါတယ်။ နိုင်ငံတကာမှာ မူဆလင်အစွန်းရောက် အကြမ်းဖက်သမားတွေရဲ့ သတင်းဆက်တွေကို မသုံးသပ်ဘဲ လျှော့တွက် တွက်နေကြခြင်းနဲ့ မောင်းပြန်လက်နက်မပါဘဲ မိမိတို့ရဲ့ နယ်ခြားရဲတပ်ဖွဲ့ဌာနချုပ်ကို ဝင်စီးလိုက်တော့မှပဲ ဘုရားတရပါတယ်။ ၁၉၈၅ ခုနှစ်၊ ၁၉၈၆ ခုနှစ်များတွေတုန်းက အနောက်ပိုင်း တိုင်းစစ်ဌာနချုပ်နယ်မြေ အခြေချစစ်ဗျူဟာ(၁) ကျွန်တော် G-2 တာဝန်နဲ့ မောင်တောမှာ တာဝန်ထမ်းဆောင်နေတုန်း တပ်ရင်းမှူး ဗိုလ်မှူးကြီးဝင်းတင်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန်းထွန်း တို့ရဲ့ နှုတ်ထွက်စကားများကို များစွာ သတိရမိပါတယ်။ ကုလား၊ ကုလားလို့ခေါ်ပြီး နောက် ကုလား၊ ကုလားလို့ ခေါ်နေတဲ့ကောင်တွေ၊ မေယုမြစ်ရဲ့ကမ်းခြေမှာ ဒိုတီလေး

ခါးတောင်းကျိုက်ပြီး ဝင်လာတဲ့ဘင်္ဂါလီတွေ နောက်ဆို အစ်ကိုချေတို့၊ အစ်မချေတို့ပါ ဝါးသွားလိမ့်မယ်။ ဝင်လာခါစတုန်းကတော့ လယ်ကူလီတွေပါပဲ။ ထမင်းကြမ်းကို ရေစိမ်စား၊ မီးဖုတ်ငရုတ်သီးဝါး၊ တအားစပ်လာရင် ထန်းလျက်ခဲဝါး။ ထမင်းစားတာ ဟင်းတောင် မပါဘူး။ ငွေစုကြတာ။ ကုလားလေးတွေ တအားအလုပ်လုပ်တယ်။ သိပ်တော်တာပဲ။ ဒေသခံလယ်ပိုင်ရှင်တွေက လယ်ကူလီကို အိမ်ဆောက်ပေးစရာ မလိုဘူး။ သူတို့ဘာသာ သူတို့ ဆောက်ကြတယ်။ စသည်ဖြင့် ချီးကျူးလိုက်ကြတာ။ တချို့ဆိုရင် သားယောက်ျားလေးမွေးရင်တောင်မှ ချစ်စနိုးနဲ့ မွတ်တားလေး၊ ကုလားလေးဆိုပြီးတော့ နာမည်ပေးကြသေးတယ်။ မြန်မာနိုင်ငံသားတစ်ယောက်အနေနဲ့ ကျွန်တော် ပြောချင်တာကတော့ နောက်လာမယ့် နှစ်(၃၀)၊ (၄၀)၊ (၅၀)လောက်ကို ကြိုတွေးကြပါလို့။ ဘယ်ကိစ္စကိုမဆို လျှော့မတွက်ကြပါနဲ့လို့။ တရုတ်နယ်စပ် မူဆယ်၊ နန်းခမ်းတို့၊ လိုင်ဇာတစ်ဖက်ကမ်းတို့ အိန္ဒိယနယ်စပ် တမူး၊ အင်ဖါတို့မှာ သူတို့ပြည်နယ်အစိုးရအဖွဲ့ တစ်ဖွဲ့တည်းရဲ့ ဆုံးဖြတ်ခွင့်ရှိလို့ နယ်ခြားကန်သင်းခတ်မယ် ဆိုရင်လည်း ချက်ချင်းခတ်။ သံဆူးကြိုး ကာမယ်ဆိုရင်လည်း ချက်ချင်းကာ။ နာရီပိုင်းအတွင်း ကာပေးလိုက်တော့ ရှင်းရှင်းပြောရရင် ကျွန်တော်တို့မြေတွေတောင် သူတို့ဆီကို တချို့တစ်ဝက်ပါသွားပါတယ်။ ခေတ်အဆက်ဆက် Change Survey မလုပ်၊ နယ်နိမိတ် ကျောက်တိုင်လေးပဲ စိုက်ခဲ့ကြပါတယ်။ ကျောက်တိုင်ဆိုတာက တူးဆွပြီးတော့ နေရာရွှေ့လိုက်ရင် အလွယ်လေးပါ။

နိဂုံးချုပ်အနေနဲ့ ကျွန်တော် ဆွေးနွေး သတိပေးချင်တာကတော့ မူဆလင်အစွန်းရောက် အကြမ်းဖက်အဖွဲ့အစည်း ခြေလှမ်း၊ မဟာဗျူဟာ၊ နည်းဗျူဟာတွေ ဘယ်လိုရှိတယ်ဆိုတာ မပြောလိုပါ။ ဘူးသီးတောင်၊ ရသေ့တောင်၊ မောင်တောမြို့နယ်များမှာ ကြာလာရင် ဖိလစ်ပိုင်နိုင်ငံက မာရာဝီခရိုင်လို ဖြစ်လာပါလိမ့်မယ်။ အပ်နှင့် ထွင်းရမယ့်ကိစ္စဟာ ပုဆိန်နှင့် ပေါက်ရမယ့်အဆင့်ကို ရောက်လာပါတော့မယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် တင်သွင်းသွားသော မောင်တော၊ ဘူးသီးတောင်နဲ့ ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားအကြမ်းဖက် အဖွဲ့ဝင်များကို အကြမ်းဖက်မာရာဝီ-------------(ဩဘာသံများ)

မောင်တောမြို့နယ်တွင် ပစ်ခတ်မှုဖြစ်ပွား၊ ခြောက်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးသည့် မှတ်တမ်းမြင်ကွင်းပုံ (ကည)



၅-၈-၂၀၁၇ ရက်နေ့ ကိုင်ကြီးကျေးရွာအရှေ့ဘက် ချောင်းကမ်းစပ်တွင် သေဆုံးနေသော မထုမ်ဝေ (၂၀) နှစ် (ဘ) ဦးရွှေစိုး၏ မှတ်တမ်းဓာတ်ပုံ မြင်ကွင်းပုံ (ကည-၁)



အတွင်းရန် အပြင်ရန်များကြားမှ ရခိုင်အရေး မြင်ကွင်းပုံ (ကည-၂)




**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြုံး ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၀။**

**ဒေါ်အိအိပြုံး၊ ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ ကျွန်မအနေဖြင့် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် တင်သွင်းသော မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များတွင် လှုပ်ရှားနေသော အကြမ်းဖက်အဖွဲ့ဝင်များအား ဖော်ထုတ်ပြီး အကြမ်းဖက်တိုက်ဖျက်ရေး ဥပဒေအရ အရေးယူပေးရန်နှင့် ယင်းတို့၏ ခြိမ်းခြောက်မှုကြောင့် လောလောဆယ် နေရပ်စွန့်ခွာထွက်ပြေးလာကြသော တိုင်းရင်းသားများ၊ ကျေးရွာများ ဆက်လက်ရပ်တည်နိုင်ရေးအတွက် အရေးတယူ ဆောင်ရွက်ပေးရန် အစိုးရအား တိုက်တွန်းကြောင်း အဆိုနဲ့ ပတ်သက်၍ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်၊ ရခိုင်လူမျိုးတို့ဟာ သမိုင်းအစဉ်အလာကြီးမားခဲ့သော ရိုးရာယဉ်ကျေးမှု၊ ဘာသာစကား၊ စာပေ၊ ဂီတ၊ ဘာသာရေး ရိုသေကိုင်းရှိုင်းခြင်းတို့ဖြင့် ဂုဏ်သိက္ခာကြီးစွာ ရပ်တည်ခဲ့သော လူမျိုးများဖြစ်ပြီး ရခိုင်ဆိုသော စကားသည် (ရက္ခိတ = အမျိုးကိုစောင့်ရှောက်သူ) ဟု အဓိပ္ပာယ်ရကြောင်းလည်း မှတ်သားခဲ့ရပါတယ်ရှင်။ ထိုကဲ့သို့ အမျိုးကိုစောင့်ရှောက်သော လူမျိုးတို့နှင့် လူဦးရေ သန်း(၂၀၀)ကျော်ရှိ လူဦးရေအဆမတန်ပေါက်ဖွားသော ဘင်္ဂလားဒေ့ရှ်ကဲ့သို့သော နိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်နေရခြင်းသည် ပြောင်းလဲပစ်လို့မရသော ကံတရားများဖြစ်နေပြီး ရခိုင်လူမျိုးများအဖို့ အနောက်တံခါးပေါက်ရန်မှ စဉ်ဆက်မပြတ် ကာကွယ်စောင့်ရှောက်ခဲ့ရသော သမိုင်းကြောင်းများကို ကြည့်ခြင်းအားဖြင့် တာဝန်ကျေသော လူမျိုးများအဖြစ် ပထမဦးစွာ ကျေးဇူးတင်ရှိပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ရခိုင်ပြည်နယ်ဟာ ပထဝီအနေအထားအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိပြီး ဘင်္ဂလားပင်လယ်အော် ကမ်းခြေပြည်နယ်ဖြစ်ကာ စီးပွားရေးတွင် လယ်ယာ၊ သား၊ ငါး၊ ပို့ဆောင်ရေးလုပ်ငန်းများဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေး အချက်အချာကျသော ပြည်နယ်လည်း ဖြစ်ပါတယ်ရှင်။ ထိုကဲ့သို့ စီးပွားရေးအချက်အချာကျသော ပြည်နယ်ဟာ မြန်မာနိုင်ငံရဲ့ ဒုတိယအဆင်းရဲဆုံးပြည်နယ်၊ ဖွံ့ဖြိုးမှု နောက်အကျဆုံးပြည်နယ် ဖြစ်နေရခြင်းဟာ ပြင်ပမှာ နယ်မြေလုနေသောအရေးအား တွန်းလှန်နေရပြီး အတွင်းဖိအား၊ အပြင်ဖိအားတို့ဖြင့် ကြုံဆုံနေရသော ရခိုင်တိုင်းရင်းသားတို့ရဲ့ ခံစားချက်ကို သိရှိနားလည်ပြီး ခေတ်အဆက်ဆက် အစိုးရအဖွဲ့ အစည်းများပေါ်တွင် ယုံကြည်မှုအားနည်းခဲ့သည် ဆိုတာကိုလည်း နားလည်ပါတယ်ရှင်။ အဆိုရှင်၏ ဆွေးနွေးမှုမှာ တင်ပြသကဲ့သို့ အကြမ်းဖက်လုပ်ရပ်များဟာ လက်ရှိ နေ့ချင်းညချင်း ပေါ်ပေါက်ခဲ့သော အရာများမဟုတ်ဘဲ ခေတ်အဆက်ဆက် တာဝန်ရှိပုဂ္ဂိုလ်များ မဖြေရှင်းခဲ့သည့်အပြင် အဂတိလိုက်စားမှုများဖြင့် နိုင်ငံသားဖြစ်ခွင့်ရှိသူကို နိုင်ငံသားမပေး၊ နိုင်ငံသားဖြစ်ခွင့်မရှိသူအား နိုင်ငံသားများ ပေးခဲ့သည့်အပြင် နိုင်ငံရေးတွင်လည်း ပါဝင်ခွင့်ပြုခဲ့၍ ကမ္ဘာ့အလယ်မှာ တရားမဝင်ခြင်းမှ တရားဝင်သကဲ့သို့ ဝါဒဖြန့် လှုံ့ဆော်ခွင့်ရသွားရခြင်းရဲ့ အကျိုးဆက်တွေလည်း ဖြစ်ပါတယ်ရှင်။

ဒီလိုအခြေအနေမျိုးတွေမှာ အစိုးရအနေဖြင့် တာဝန်ယူဖြေရှင်းရာ၌လည်း သတိကြီးစွာ ဉာဏ်ပညာနှင့်ယှဉ်၍ ဖြေရှင်းနေရသည် ဆိုတာကိုလည်း အားလုံးနားလည် လက်ခံထားပြီးလည်း

ဖြစ်ပါတယ်ရှင်။ ကျွန်မတို့ တိုင်းပြည်ဟာ စနစ်ကောင်းတစ်ခုကို ပြောင်းလဲရန် ကြိုးပမ်းရာမှာ လူမျိုးရေး ပဋိပက္ခ၊ ဘာသာရေးပဋိပက္ခများ လုပ်ဆောင်၍ တိုင်းပြည်၏အရွေ့တစ်ခုအား နှောင့်ယှက်ခဲ့ကြောင်း ကိုလည်း အားလုံးသတိပြုစေချင်ပါတယ်ရှင်။ လက်ရှိတွင် တိုင်းပြည်ဟာ ဒီမိုကရေစီစနစ် ထူထောင်ရန် ကြိုးပမ်းဆောင်ရွက်နေပြီး၊ ငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းဆောင်ရွက်နေချိန်လည်း ဖြစ်ပါတယ်ရှင်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်ရာမှာ စိတ်ရှည်သည်းခံမှုများနှင့်အတူ အမျိုးသားရင်ကြားစေ့ရေးမူဝါဒ ကိုလည်း လက်ခံကျင့်သုံးဖော်ဆောင်နေသော ကာလလည်း ဖြစ်ပါတယ်ရှင်။ ရခိုင်ပြည်နယ်ရဲ့ ပြဿနာဟာ ကမ္ဘာ့အလယ်မှာ မမှန်သတင်းများဖြင့် ဝါဒဖြန့်မှုများ ကြုံနေရသလို၊ ဒီမိုကရေစီ ထူထောင်စတိုင်းပြည် အတွက် ပြည်တွင်းနှင့်နိုင်ငံတကာ အဖွဲ့အစည်းများမှ အစိုးရရဲ့ ဖြေရှင်းဆောင်ရွက်နေမှုများအပေါ်မှာ လည်း ဖိအားပေးနေခြင်းများကိုလည်း သိရှိရပါတယ်ရှင်။ ရခိုင်ပြည်နယ်ရဲ့အရေးကိစ္စကို ဆောင်ရွက် ရာမှာ ဌာနေတိုင်းရင်းသားတို့ရဲ့ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန် အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရာမှာ မူးယစ်ဆေးဝါးများ ပွားများနေတဲ့ကိစ္စကိုလည်း ထိရောက်စွာ အရေးယူနှိမ်နင်းပေးသင့်ပါတယ်ရှင်။

ဥက္ကဋ္ဌကြီးရှင်။ ယခုဖြစ်သော ဖြစ်စဉ်များဟာ ပြည်တွင်းရေးမဟုတ်ဘဲ ပြည်ပမှ ကျူးကျော် စော်ကားသော အစွန်းရောက်အကြမ်းဖက်မှုများပဲ ဖြစ်ပါတယ်ရှင်။ ထို့ကြောင့် ထိုအခြေအနေတွေကို ကမ္ဘာ့အလယ်မှာ သံတမန်နည်း၊ မီဒီယာနည်းများဖြင့် စာတမ်းဖတ်ခြင်းများဖြင့်လည်း သတင်းအမှန်၊ ဖြစ်ရပ်အမှန်၊ သမိုင်းအမှန်များ ကမ္ဘာမှရှင်းလင်းစွာ သိရှိနိုင်ရန် ကြိုးစားခြင်းဖြင့်လည်း ဖြေရှင်းပေး သင့်ပါတယ်။ ထိုအခြေအနေများအပေါ်မှာ လက်ရှိအစိုးရအနေဖြင့် ကြိုးစားဆောင်ရွက်နေဆဲ အခြေအနေကိုလည်း သိရှိနားလည်ပြီး ဌာနေတိုင်းရင်းသား လူနည်းစုရဲ့ ခံစားနေရသော အကြမ်း ဖက်မှု၊ ခြိမ်းခြောက်မှုတို့အား ကမ္ဘာမှသိရှိနိုင်ရန် ယခုထက်ပိုမိုကြိုးစား ဆောင်ရွက်ပေးသင့်ပါကြောင်း အကြံပြုဆွေးနွေးရင်း နိဂုံးချုပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် ကျန်ရှိသော လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးခြင်း၊ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ဖြေရှင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း ဆောင်ရွက်မည့် နေ့ရက်ကို ကြိုတင်အသိပေးမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၄၈)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့

ကို ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည် ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို ၁၁း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]